ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday 3 October 2019 ၉၇၉၁

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ်(၃) ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲ အခမ်းအနားသို့ တက်ရောက်ဩဝါဒအမှာစကား ပြောကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ်(၃) ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲအခမ်းအနားတွင် ဩဝါဒအမှာစကား ပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၃) ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲ အခမ်းအနားသို့ တက်ရောက်ဩဝါဒအမှာစကား ပြောကြားသည်။

**တက်ရောက်**

ဩဝါဒခံယူပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဦးမင်းသူ၊ ဦးအုန်းမောင်၊ နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးဝင်းမော်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ်(၃)မှ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဩဝါဒအမှာစကား ပြောကြားသည်။ ***(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဩဝါဒအမှာစကားကို စာမျက်နှာ(၄)တွင် ဖော်ပြထားပါသည်)***

**ကျေးဇူးတင်စကား ပြန်လည်ပြောကြား**

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ်(၃)မှ ကျောင်းသား ကျောင်းသူများကိုယ်စား ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ ပိုးကရင်တိုင်းရင်းသူ မနန်းယဉ်ယဉ်ထွေးက ဂါရဝပြုကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**လက်ဆောင်ပေးအပ်**

ယင်းနောက် နိုင်ငံတော်သမ္မတထံ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများက လေ့လာရေးခရီးစဉ်အမှတ်တရ ဂါရဝပြုလက်ဆောင်ကို ပေးအပ်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ »»**



**ကြေးမုံသတင်းစာတွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာ ၁ ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။**



# ကြေးမုံ

## အားလုံးအတွက် ပြောင်းလဲကြပါစို့

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ဖြတ်သန်းလျက်ရှိနေချိန်တွင် အပြောင်းအလဲအမျိုးမျိုးတို့ကိုလည်း ပြုလုပ်လျက်ရှိသည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍတွင် တိုးတက်ပြောင်းလဲမှုများ အဆက်မပြတ်ဖြစ်ပေါ်လျက်ရှိပြီး ကမ္ဘာ့နိုင်ငံများနှင့် သက်ဆိုင်သော ပြောင်းလဲမှုတစ်ရပ်ကို ယခု အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ ပြောင်းလဲလိုက်ပြီဖြစ်သည်။

မြန်မာပြည်သူများ ယခင်အသုံးပြုနေကျ မြန်မာစာဘာသာအသုံးကို ယူနီကုဒ်စနစ်အတွင်း သွတ်သွင်းလိုက်ပြီဖြစ်သည်။ စနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုသို့ ပြောင်းလဲရာတွင် မည်သည့်စနစ်မဆို အခက်အခဲအမျိုးမျိုးရှိမည်ဖြစ်သော်လည်း အားလုံးအတူပါဝင်၍ မဖြစ်မနေပြောင်းလဲနိုင်အောင် ကြိုးစားခြင်းဖြင့် စနစ်သစ်သို့ အောင်မြင်စွာရောက်ရှိနိုင်မည်ဖြစ်သည်။ စနစ်တစ်ခုကို ပြောင်းလဲရာတွင် ပြောင်းလဲလိုသူများရှိသလို မပြောင်းလဲလိုသူများလည်းရှိမည်မှာ သဘာဝဖြစ်သည်။

အမှန်တွင် မည်သည့်ကိစ္စတွင်မဆို နေသားကျပြီးသား အခြေအနေတစ်ရပ်မှ အခြေအနေသစ်တစ်ရပ်သို့ မပြောင်းလဲလိုသည်မှာ လူတို့၏စိတ်သဘာဝဖြစ်သည်။ နေမြဲအတိုင်းနေလိုသော စိတ်ရင်းအခံဖြစ်သည်။ ထို့ကြောင့် အပြောင်းအလဲတစ်ခုကို ဖြတ်သန်းရာ၌ အခက်အခဲရှိကြခြင်းဖြစ်သည်။ ပြောင်းလဲခြင်းမှာ ကောင်းမွန်သည်မှန်းသိသော်လည်း နဂိုအခြေအနေကိုသာ ကောင်းသည်မှတ်၍ ဖက်တွယ်နေကြခြင်းဖြစ်သည်။

သို့ဖြစ်လျှင် ဦးစွာပြောင်းလဲခြင်း၏ အကျိုးကျေးဇူးများကို သိရှိထားရမည်ဖြစ်သည်။ လက်တွေ့တွင်လည်း ပြောင်းလဲခြင်း၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများကိုလည်း သိမြင်နားလည်ထားရမည်ဖြစ်သည်။ ပြီးနောက် မဖြစ်ဖြစ်အောင် စတင်ပြောင်းလဲကြည့်ရမည်ဖြစ်သည်။ အပြောင်းအလဲတစ်ခုကို ဖြတ်သန်းရာတွင် အစတွင် အခက်အခဲရှိကောင်းရှိမည်ဖြစ်သော်လည်း နောက်ပိုင်းတွင် ချောမွေ့သွားသည်ချည်းသာဖြစ်သည်။


ယခုအခါ ဌာနဆိုင်ရာအဖွဲ့အစည်းအားလုံး ယူနီကုဒ်စနစ်သို့ ပြောင်းလဲလိုက်ပြီဖြစ်သည့်အပြင် သတင်းမီဒီယာအဖွဲ့အစည်းများပါ လိုက်ပါပြောင်းလဲနေပြီဖြစ်သည်။ ကောင်းမွန်သော အရွေ့တစ်ခုကို အမှန်တကယ် ဖြတ်သန်းနေကြပြီဖြစ်သည်။ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင်လည်း အသုံးပြုနေကြပြီဖြစ်သည်။ တကယ်တမ်းတွင် ယခုအပြောင်းအလဲသည် အများပြည်သူအတွက် အခက်အခဲကြီးကြီးမားမားမရှိလှချေ။ ရက်အနည်းငယ်အတွင်းပင် ပြောင်းလဲနိုင်ပြီဖြစ်သည်။

ယူနီကုဒ်သည် မြန်မာစာလုံးမဟုတ်ပါ။ တစ်ကမ္ဘာလုံး စံပြုထားသည့် နိုင်ငံအားလုံးနှင့်ဆိုင်သည့် ဘာသာစကားစနစ်ဖြစ်သည်။ ဥပမာအားဖြင့် နိုင်ငံတကာသုံး အင်္ဂလိပ်၊ အမေရိကန်ဘာသာစကားအပါအဝင် တရုတ်၊ ဂျပန်၊ ရုရှား၊ ပြင်သစ်၊ ဂျာမနီ၊ အာရပ်၊ မလေးစသည့် နိုင်ငံအလိုက် ဘာသာစကားအားလုံးအတွက် အလုပ်လုပ်ဆောင်ပေးသော စနစ်ဖြစ်သည်။ အကျိုးရလဒ်မှာ တစ်နိုင်ငံ၏ ဘာသာစကားတစ်ခုကို အခြားတစ်နိုင်ငံ၏ ဘာသာစကားတစ်ခုအဖြစ် အလိုအလျောက်ဘာသာပြန်ပေးနိုင်သဖြင့် တစ်နိုင်ငံ၏အကြောင်းကို တစ်နိုင်ငံက အလွယ်တကူသိရှိနိုင်မည်ဖြစ်သည်။

အခြားနိုင်ငံများအနေဖြင့် ယူနီကုဒ်စနစ်သို့ အစောပိုင်းကတည်းက ပြောင်းလဲပြီးဖြစ်၍ နိုင်ငံအလိုက်ဘာသာစကားတွင် အခက်အခဲမရှိဖြစ်နေကြပြီ။ မြန်မာနိုင်ငံအနေဖြင့် ဘာသာစကားသာမက အဘက်ဘက်တွင် ပြောင်းလဲရန် နောက်ကျနေသဖြင့် အခက်အခဲများရှိနေသေးသည်။ ထို့ကြောင့် အားလုံးလိုက်ပါပြောင်းလဲရန် တိုက်တွန်းနှိုးဆော်နေရခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပြောင်းလဲပြီဖြစ်သော်လည်း ဘာသာပြန်စနစ်တွင် ချောမွေ့ဦးမည်မဟုတ်ချေ။ တဖြည်းဖြည်း နေသားတကျဖြစ်သွားမှ ချောမွေ့သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ တစ်ကမ္ဘာလုံးအသုံးပြုသည့် ဘာသာစကားစနစ်တွင် အသားတကျဖြစ်သွားချိန်၌ အကျိုးရလဒ်များကို ပြည်သူများအားလုံး မျှဝေရရှိနိုင်မည်ဖြစ်သည်။ လူတိုင်းလူတိုင်း၊ ကွန်ပျူတာ၊ ဆက်သွယ်မှုပညာ အသုံးပြုတတ်သူတိုင်း ကမ္ဘာကိုကြည့်မြင်နိုင်မည်ဖြစ်သည်။ မြန်မာကို ကမ္ဘာသိ၊ ကမ္ဘာကို မြန်မာသိ၍ မြင့်သည်ထက်မြင့်၊ တင့်သည်ထက်တင့် လာမည်ဖြစ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကမ္ဘာ့ဆရာများနေ့
အောက်တိုဘာလ ၅ ရက်


လူငယ်ဆရာများခန့်ထားလို့
အနာဂတ်စွမ်းဆောင်ရည်မြှင့်တင်စို့

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

### မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် အောက်တိုဘာ ၂**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



## ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၄၅/၂၀၁၉) ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၄၅/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုး၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂-၁၀-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၃၃၃ | ၃,၈၂၉,၅၀၀ |
| MTSH | ၄,၀၀၀ | ၄,၀၀၀ | ၆,၇၈၆ | ၂၇,၂၇၂,၆၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၄ | ၃၃,၂၀၀ |
| FPB | ၂၄,၀၀၀ | ၂၃,၅၀၀ | ၆၈၉ | ၁၆,၂၇၉,၅၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၄၉ | ၁၄၇,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၂**

ရန်ကုန်(ရွှေဈေး) ၁၂၂၅၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၅၀ ကျပ် | ၉၄၅/၉၆၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၈၀/၉၅၀ ကျပ် | ၉၇၅/၁၀၀၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၀/၈၅၅ ကျပ် | ၈၈၀/၉၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၆၀ ကျပ် | ၉၆၀/၉၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၅/၈၆၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅/၈၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၄.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၇၃.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၄.၅၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၀၄၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၈၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၇၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၄.၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇.၂၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၄.၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၆.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ်(၃)မှ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ဂါရဝပြုလက်ဆောင် ပေးအပ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများက လေ့လာရေးခရီးစဉ် အမှတ်တရဂါရဝပြုလက်ဆောင် ပေးအပ်စဉ်။



»» ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ်(၃)မှ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ်(၃)မှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**သတင်းစဉ်**



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ်(၃)မှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

# မြန်မာ့အာမခံလုပ်ငန်းမှ အာမခံလျော်ကြေးငွေများ ပေးအပ်

**ရန်ကုန်  အောက်တိုဘာ  ၂**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံလျော်ကြေးပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) စတုတ္ထထပ် အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် MV-ထာဝရအားမာန် ရေယာဉ်နစ်မြုပ်ဆုံးရှုံးမှုအတွက် လျော်ကြေးငွေကျပ် သိန်း ၅၀၀၀ ကို လည်းကောင်း၊ မန္တလေးမြို့မှ သစ်ပါးလွှာနှင့် အထပ်သားစက်ရုံ၏ စက်ပစ္စည်းများ ရေကြီးရေလျှံပျက်စီးခြင်းအတွက် လျော်ကြေးငွေကျပ် ၁၆၃၉ ဒသမ ၃ သိန်း ကိုလည်းကောင်း၊ အလုံးစုံ မော်တော်ယာဉ်အားမခံထားရှိသော ယာဉ်သုံးစီးပျက်စီးမှုအတွက် လျော်ကြေးငွေကျပ် ၅၅၅ ဒသမ ၂ သိန်း ကိုလည်းကောင်း၊ ပြည်ပအလုပ်သမား အသက်အာမခံထားရှိသူတစ်ဦး သေဆုံးခြင်းအတွက် လျော်ကြေးငွေကျပ် သိန်း ၅၀ နှင့် သင်္ဘောသား အသက်အာမခံထားရှိသူတစ်ဦး သေဆုံးခြင်းအတွက် ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက ပေးအပ်ခဲ့သည်။

မြန်မာ့အာမခံလုပ်ငန်းမှ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ရေကြောင်း၊ လေကြောင်းနှင့် ခရီးသွားအာမခံလျော်ကြေး ငွေကျပ် ၅၈၁၅ ဒသမ ၉၂ သိန်း၊ မီးအာမခံလျော်ကြေးငွေကျပ် ၆၀၉၉ ဒသမ ၆၂ သိန်း၊ သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေးငွေကျပ် ၂၁၈၁၇ ဒသမ ၁၁ သိန်းနှင့် အသက်အာမခံလျော်ကြေးငွေကျပ် ၁၁၉၆၆ ဒသမ ၇၅ သိန်းကို ပေးအပ်ခဲ့ပြီး စုစုပေါင်း ငွေကျပ် ၄၄၇၉၉ ဒသမ ၄၁ သိန်းဖြစ်ကြောင်း သိရသည်။

**ရွှေကို**



# နိုင်ငံတော်သမ္မတဦးဝင်းမြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅) နှစ်သင်တန်း အမှတ်စဉ် (၃) ကျောင်းသား၊ ကျောင်းသူများ သြဝါဒခံယူပွဲအခမ်းအနားတွင် မြွက်ကြားသည့် သြဝါဒအမှာစကား

**(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)**

ဒီနေ့ အခမ်းအနားကို ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်ဦးဆောင်တဲ့ လေ့လာရေးအဖွဲ့ ကြီးကြပ်သူများနဲ့ ပညာရေးဘွဲ့ (၅) နှစ်သင်တန်း အမှတ်စဉ် (၃) က ကျောင်းသား၊ ကျောင်းသူများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ရှိသူများအားလုံး ကောင်းမြတ်တဲ့ ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**သွေးသစ်လောင်းပေးမယ့် ဆရာ၊ ဆရာမလောင်းများ**

သားတို့၊ သမီးတို့အနေနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ ပညာရေးဘွဲ့ (၅) နှစ်သင်တန်း အမှတ်စဉ် (၃) ကို အောင်အောင်မြင်မြင် တက်ရောက်ခဲ့ကြပြီးဖြစ်လို့ မကြာမီ သင်တန်းဆင်းပြီး ဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရတော့မှာဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အနာဂတ်ပညာရေးလောကကို သွေးသစ်လောင်းပေးမယ့် ဆရာ၊ ဆရာမလောင်းများကို တွေ့ဆုံအမှာစကား ပြောကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်နဲ့ပေါင်းစည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် တိုင်းရင်းသားတွေဟာ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံတော်ရဲ့နယ်နိမိတ်အတွင်း အပြန်အလှန်အမှီသဟဲပြုပြီး နှစ်ပေါင်းများစွာ စုပေါင်းနေထိုင်လာခဲ့ကြပါတယ်။ ဒီလိုအေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့ကြတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေဟာ ကိုလိုနီနယ်ချဲ့တို့ရဲ့ တောင်ပေါ်မြေပြန့် သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့် တိုင်းရင်းသားအချင်းချင်းအကြား သံသယတွေပွား၊ အထင်အမြင်တွေလွဲမှားပြီး စိတ်ဝမ်းကွဲပြားမှုတွေဖြစ်ခဲ့ကြရပါတယ်။ ဒါဟာ နိုင်ငံတော်အတွက် ယနေ့တိုင် မပြီးဆုံးနိုင်သေးတဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ပွားရခြင်းရဲ့ အကြောင်းရင်းတွေထဲက အချက်တစ်ချက်ဖြစ်သလို နိုင်ငံတော်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်တွေမှာ အဟန့်အတားဖြစ်စေတဲ့ ကြီးမားတဲ့စိန်ခေါ်မှုတွေလည်း ဖြစ်ပါတယ်။

**စနစ်တကျ အကောင်အထည်ဖော်**

ဒီအခြေအနေတွေကို သိမြင်နားလည်ခဲ့ကြတဲ့ နိုင်ငံ့အကြီးအကဲအဆက်ဆက်တို့ဟာ အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တဲ့ နယ်စပ်ဒေသတွေမှာ အခြေခံအဆောက်အအုံများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်တွေကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြပါတယ်။

နိုင်ငံတော်အနေနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးနိုင်မယ့် ပညာရေးဝန်ထမ်းကောင်းတွေကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ဖို့ ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးပြီး နယ်စပ်ဒေသက တိုင်းရင်းသားလူငယ်တွေကို အဆင့်မြင့်ပညာတွေ သင်ကြားနိုင်အောင် စီမံဆောင်ရွက်ပေးခဲ့ပါတယ်။

**အခမဲ့သင်ယူနိုင်ကြပြီ**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ နိုင်ငံအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိက အရေးကြီးပါတယ်။ ဒါ့ကြောင့် နယ်စပ်ဒေသတွေမှာရှိတဲ့ တိုင်းရင်းသားလူငယ်တွေရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနဟာ နယ်စပ်ဒေသက တိုင်းရင်းသားတွေ အခြေခံပညာကို အခမဲ့သင်ယူနိုင်ရုံသာမက အဆင့်မြင့်ပညာများကိုလည်း အခမဲ့သင်ယူခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းရင်းသားလူငယ်တွေ အခြေခံပညာကို အခမဲ့သင်ယူနိုင်ဖို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်းကို နိုင်ငံတော်တစ်ဝန်းလုံးမှာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ အဆင့်မြင့်ပညာရပ်တွေကိုလည်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နဲ့ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နဲ့စစ်ကိုင်း) တို့မှာ ဆက်လက်ပြီး အခမဲ့သင်ယူနိုင်ကြပြီဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတော်က နိုင်ငံတော်တစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသက တိုင်းရင်းသားလူငယ်တွေကို အရည်အချင်းပြည့်ဝတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်လာအောင် သင်ကြားလေ့ကျင့်ပြုစုပျိုးထောင်ပေးနေတာပဲဖြစ်ပါတယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သြဝါဒ အမှာစကားပြောကြားစဉ်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးအကြီးဆုံးနဲ့ အဓိကအကျဆုံးကတော့ ပညာရေးကဏ္ဍပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတစ်နိုင်ငံရဲ့ အခြေခံအုတ်မြစ်ဟာ ထိုနိုင်ငံမှာရှိတဲ့လူငယ်များရဲ့ပညာရေးပဲဖြစ်ပါတယ်။ ပညာရေးဆိုတာ လူငယ်တွေရဲ့ဉာဏ်၊ စာရိတ္တ၊ ကာယဖွံ့ဖြိုးရေးတို့ကို လေ့ကျင့်ပျိုးထောင်ပေးတဲ့ လုပ်ငန်း ဖြစ်ပါတယ်။ ပညာရေးဟာ လူတစ်ဦးချင်းစီရဲ့ဘဝ အောင်မြင်ရေးသာမက နိုင်ငံကြွယ်ဝချမ်းသာရေးမှာပါ အဓိက သော့ချက် ဖြစ်ပါတယ်။ နိုင်ငံကိုခေတ်နဲ့အညီပြုပြင်ပြောင်းလဲရာမှာ ပညာရေးဟာ အင်အားအကြီးဆုံး လက်နက်တစ်ခုဖြစ်ပါတယ်။ ဒီပညာရေးကဏ္ဍမှာ နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သားတို့၊ သမီးတို့ကို နယ်စပ်ဒေသက အခြေခံပညာကျောင်းတွေမှာ တာဝန်ထမ်းဆောင်နိုင်ဖို့ အရည်အသွေးပြည့်ဝတဲ့ဆရာ၊ ဆရာမတွေအဖြစ် နိုင်ငံတော်က မျှော်လင့်ပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှာ ပြုစုပျိုးထောင် သင်ကြားလေ့ကျင့်ပေးခဲ့တာ ဖြစ်ပါတယ်။ သားတို့၊ သမီးတို့ဟာ ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်ပြီး ဆရာအရည်အသွေးပြည့်ဝရုံသာမက မိမိတာဝန်ကျရာဒေသရဲ့ ဖွံ့ဖြိုးရေးတာဝန်တွေကိုပါ ထမ်းဆောင်နိုင်အောင် ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ (၅)နှစ်တာ စာတွေ့လက်တွေ့ ဆည်းပူးသင်ယူလေ့လာခဲ့ကြပြီးဖြစ်တယ်လို့လည်း ယုံကြည်ထားပါတယ်။

နိုင်ငံတော်အစိုးရအဖွဲ့အနေနဲ့ နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာရုံသာမက ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ်ရပ်တည်နိုင်ဖို့ မျှော်မှန်းကြိုးပမ်းလျက်ရှိပါတယ်။ အဲဒီအတွက် မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၈-၂၀၃၀) (Myanmar Sustainable Development Plan- MSDP) ကို ရေးဆွဲချမှတ်စီမံဆောင်ရွက်ပေးနေတာကိုလည်း သားတို့၊ သမီးတို့လေ့လာထားရှိပြီး ဖြစ်ပါတယ်။ အဲဒီ MSDP စီမံကိန်းရဲ့ပန်းတိုင်(၄) မှာ ၂၁ ရာစု လူမှုအသိုက်အဝန်းအတွက် လူသားအရင်းအမြစ်များနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလို့ သတ်မှတ်ထားပြီး၊ မဟာဗျူဟာတွေထဲမှာလည်း အရည်အသွေးမြင့်မားသော ရာသက်ပန်ပညာရေးဆိုင်ရာ အခွင့်အလမ်းတန်းတူရရှိရေး ဆိုတဲ့ မဟာဗျူဟာတစ်ရပ် ပါရှိပါတယ်။ ဒါဟာ နိုင်ငံသားတိုင်း ပညာရည်ပြည့်လာဖို့ မျှော်မှန်းချက်ပဲ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်က ပညာရေးကဏ္ဍကို နိုင်ငံတကာ အဆင့်မီ မြင့်မားလာစေဖို့ရည်ရွယ်ပြီး အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သားတို့၊ သမီးတို့ဟာ စနစ်သစ်ပညာရေးကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် ဆရာ၊ ဆရာမလေးတွေ ဖြစ်တဲ့အတွက် မိမိကိုယ်တိုင်က ၂၁ ရာစု ကျွမ်းကျင်မှုများ (21st Century Skills)၊ ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ (Soft Skills) နဲ့ပြည့်စုံနေဖို့ လိုအပ်သလို မိမိတပည့် ကျောင်းသားလူငယ်တွေကိုလည်း ဒီကျွမ်းကျင်မှု တစ်နည်းအားဖြင့် C- ၅လုံးနဲ့ ပြည့်ဝအောင် လေ့ကျင့်ပြုစုပေးကြဖို့ လိုအပ်ပါတယ်။ C-၅ လုံးဆိုတာကတော့ ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)၊ ဆက်သွယ်ပြောဆိုခြင်း (Communication)၊ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)၊ တီထွင်ဖန်တီးခြင်း(Creativity and Innov- ation)၊ နိုင်ငံ့သားကောင်းဖြစ်ခြင်း (Citizenship) တို့ပဲ ဖြစ်တယ်။ ဒီ C- ၅ လုံးဟာ စိန်ခေါ်မှုများစွာနဲ့ ရှုပ်ထွေးနေတဲ့ ယနေ့ခေတ်မှာ ဘဝခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ဖို့ အနာဂတ်လူငယ်တွေအတွက် လိုအပ်တဲ့ ကျွမ်းကျင်မှုများပဲ ဖြစ်ပါတယ်။ သားတို့၊ သမီးတို့အနေနဲ့ ဒီကျွမ်းကျင်မှုများအပေါ် မိမိတို့ရဲ့ရိုးသားမှုကို ထပ်ဆင့်လိုက်ပါက အောင်မြင်မှုများရရှိကြမှာဖြစ်ပါတယ်။

ဒါ့အပြင် ၂၁ ရာစု ပညာခေတ်မှာ မိမိတို့တပည့် လူငယ်တွေကို မတူကွဲပြားမှုနဲ့ တန်းတူညီမျှမှုများကို နားလည်လက်ခံသော၊ ဒီမိုကရေစီ အလေ့အကျင့်နဲ့ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများကို အလေးထားသော၊ တိုင်းရင်းသားမျိုးနွယ်စုအသီးသီးရဲ့ ကြွယ်ဝသောဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနဲ့ သမိုင်းအမွေအနှစ်တွေကို တန်ဖိုးထားမြှင့်တင်နိုင်စွမ်းရှိသော နိုင်ငံ့သားကောင်းတွေဖြစ်အောင် ပြုစုပျိုးထောင်ပေးကြဖို့ကိုလည်း တိုက်တွန်းမှာကြားလိုပါတယ်။

နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ပညာရေးဖြစ်အောင် ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်နေတဲ့ အခုလိုအချိန်အခါမျိုးမှာ ဆရာ၊ ဆရာမတွေရဲ့ အရည်အသွေးပြည့်မီရေးဟာ အလွန်အရေးကြီးပါတယ်။ ဒါ့ကြောင့် အနာဂတ်ပညာရေးကို ဖော်ဆောင်ကြမယ့် သားတို့၊ သမီးတို့အနေနဲ့ ဘွဲ့တစ်ခုရပြီးတာနဲ့ ပညာသင်ယူမှု ပြီးဆုံးပြီလို့မခံယူဘဲ မိမိတို့ရဲ့အရည်အသွေးပြည့်မီရေးကို မိမိတို့ကိုယ်တိုင် တစ်သက်တာသင်ယူချင်စိတ်မွေးမြူပြီး ဆက်လက်လေ့လာသင်ယူနေကြရမှာ ဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေဟာ ထာဝရပညာရှာမှီးသူများ ဖြစ်ကြပါတယ်။ ပညာဖြန့်ဝေပေးသူများလည်း ဖြစ်ကြပါတယ်။ အပြောင်းအလဲတွေ မြန်ဆန်တဲ့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးမှာ ပညာကိုစဉ်ဆက်မပြတ်ရှာဖွေနေသူတွေသာ ဆက်လက်ရှင်သန်ရပ်တည်နိုင်ပြီး အနာဂတ်ကိုအမွေဆက်ခံနိုင်မှာ ဖြစ်ပါတယ်။ အရှိန်အဟုန်နဲ့ တိုးတက်ပြောင်းလဲနေတဲ့ ဒီနေ့ကမ္ဘာကြီးမှာ စိန်ခေါ်မှုတွေလည်း အများကြီးရှိနေသလို တိုးတက်မှုတွေအတွက် အခွင့်အလမ်းတွေလည်း များစွာရှိနေတာဖြစ်တဲ့အတွက် သားတို့၊ သမီးတို့အနေနဲ့ အဲဒီအခွင့်အလမ်းတွေကို ရယူနိုင်အောင် မိမိတို့ရဲ့အရည်အချင်းတွေ ပြည့်ဝနေဖို့အမြဲမပြတ် ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းမှာကြားလိုပါတယ်။

**ပြုစုပျိုးထောင်ပေးကြစေလို**

ယခုလို မိမိရဲ့အရည်အသွေးကိုလည်း မြင့်မားသည်ထက် မြင့်မားအောင် အစဉ်ကြိုးစားကြရင်း မိမိတာဝန်ကျရာဒေသတွေမှာရှိတဲ့ တိုင်းရင်းသားလူငယ်တွေကို နိုင်ငံတော်က အားထားရတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖြစ်လာအောင်လည်း ပြုစုပျိုးထောင်ပေးကြစေလိုပါတယ်။ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ ကျောင်းနေအရွယ်အားလုံး ပညာရေးအဆင့်တိုင်း မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ ကျောင်းထွက်သူမရှိစေရေးဆိုတဲ့ မူဝါဒတွေနဲ့အညီ

စာမျက်နှာ ၅ သို့ ❐

နိုင်ငံကိုခေတ်နဲ့အညီ ပြုပြင်ပြောင်းလဲရာမှာ ပညာရေးဟာ အင်အားအကြီးဆုံး လက်နက်တစ်ခုဖြစ်ပါတယ်။ ဒီပညာရေးကဏ္ဍမှာ နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သားတို့၊ သမီးတို့ကို နယ်စပ်ဒေသက အခြေခံပညာကျောင်းတွေမှာ တာဝန်ထမ်းဆောင်နိုင်ဖို့ အရည်အသွေးပြည့်ဝတဲ့ဆရာ၊ ဆရာမတွေအဖြစ် နိုင်ငံတော်က မျှော်လင့်ပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်မှာ ပြုစုပျိုးထောင် သင်ကြားလေ့ကျင့်ပေးခဲ့တာဖြစ်

❒ စာမျက်နှာ ၄ မှ

တိုင်းရင်းသားလူငယ်တွေကို စာရိတ္တနဲ့ကိုယ်ကျင့်တရားကောင်းမွန်တဲ့ နိုင်ငံ့သားကောင်းများဖြစ်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြပါလို့လည်း မှာကြားလိုပါတယ်။

ဒီလိုပြုစုပျိုးထောင်ပေးရာမှာ သတိထားရမှာကတော့ မူးယစ်ဆေးဝါးအန္တရာယ်ပဲ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးတွေဟာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ လူငယ်ထုအတွင်းကို ဝင်ရောက်လာပြီး အနာဂတ်လူငယ်တွေရဲ့ဘဝကို ဝါးမျိုဖျက်ဆီးနေတာ ဖြစ်ပါတယ်။ လူငယ်လူရွယ်တွေအကြားမှာ မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်း မြင့်မားလာတာနဲ့ အမျှ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်လာပြီး ရာဇဝတ်မှုခင်းများများပြားလာတဲ့ ဆိုးကျိုးသံသရာကို ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ၂၀၁၈ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံမှာ မူးယစ်ဆေးအကြောထဲထိုးသွင်းသူ (၉၃,၀၀၀) ဦးခန့်အထိ ရှိကြောင်း ခန့်မှန်းထားပြီး မူးယစ်ဆေးဝါးနဲ့ ဆက်နွယ်တဲ့ HIV ရောဂါ၊ အသည်းရောင်အသားဝါရောဂါနဲ့ တီဘီရောဂါကူးစက်မှုတွေ မြင့်တက်လာကြောင်း သိရှိရပါတယ်။

**မူးယစ်ဆေးဝါးကင်းစင်**

ဒါကြောင့်လည်း နိုင်ငံတော်အနေနဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ သားတို့၊ သမီးတို့အနေနဲ့လည်း မိမိတို့ကိုယ်တိုင်က မူးယစ်ဆေးဝါးကင်းစင်တဲ့သူဖြစ်ဖို့လိုသလို ကျောင်းသားလူငယ်တွေကိုလည်း မူးယစ်ဆေးဝါးကင်းစင်တဲ့ အနာဂတ်မျိုးဆက်သစ်တွေဖြစ်အောင် ပြုစုပျိုးထောင်ပေးကြဖို့ လိုပါတယ်။ မိမိရဲ့စာသင်ကျောင်းကို မူးယစ်ဆေးဝါးကင်းစင်တဲ့ စာသင်ကျောင်းဖြစ်အောင် ကြိုးစားပေးကြပါ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် နိုင်ငံတော်ရဲ့ လုပ်ငန်းအစီအမံတွေမှာ လက်တွဲဆောင်ရွက်ပေးကြပါလို့ မှာကြားလိုပါတယ်။

မြန်မာနိုင်ငံတော်ဟာ သဘာဝသယံဇာတ ပေါကြွယ်ဝပြီး တိုင်းရင်းသားများရဲ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေများစွာတည်ရှိတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ သားတို့၊ သမီးတို့အနေနဲ့ မိမိတို့တာဝန်ကျရာဒေသတွေက တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု၊ သမိုင်းအမွေအနှစ်များကို မြတ်နိုးတန်ဖိုးထားပြီး ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေပြီး မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်၊ မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုတဲ့ စိတ်တွေ၊ ပြည်ထောင်စုစိတ်ဓာတ်တွေ မွေးမြူရှင်သန်လာစေဖို့ကိုလည်း ကြိုးစားဆောင်ရွက်ပေးကြပါလို့ မှာကြားလိုပါတယ်။

**အကဲဖြတ်လေ့ရှိ**

နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားခြင်းဟာ နိုင်ငံရဲ့အနာဂတ်အတွက် အကောင်းဆုံးအာမခံချက်ပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်ခုတိုးတက်တယ်၊ မတိုးတက်ဘူးဆိုတာကို နိုင်ငံသားတွေရဲ့ကျန်းမာရေးနဲ့ပညာရေးအခြေအနေကိုကြည့်ပြီး အကဲဖြတ်လေ့ရှိကြပါတယ်။ လူနေမှုအဆင့်အတန်း နိမ့်ကျမှုနဲ့ ကျန်းမာရေးအသိမပြည့်စုံမှုတို့ဟာ ရောဂါဖြစ်ပွားရခြင်းရဲ့အကြောင်းရင်းတွေထဲက တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသားကျောင်းသူတွေကို ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကတစ်ဆင့် ကျန်းမာရေးအသိပညာပေးဖို့လိုအပ်ပါတယ်။ နိုင်ငံရဲ့အနာဂတ်လှပဖို့အတွက် လူငယ်တွေဟာ ကိုယ်ကျန်းမာရုံသာမက စိတ်ကျန်းမာဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် သားတို့၊ သမီးတို့အနေနဲ့ မိမိတို့ရဲ့ တပည့်ကျောင်းသားလူငယ်တွေကို ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်ပြည့်စုံတဲ့ လူငယ်တွေဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြပါလို့လည်း မှာကြားလိုပါတယ်။

သားတို့၊ သမီးတို့ဟာ သင်တန်းဆင်းပြီးတဲ့နောက် နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများအဖြစ် နိုင်ငံ့တာဝန်တွေကို ထမ်းဆောင်ကြရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကိုလည်း အနည်းငယ်မှာကြားလိုပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုတဲ့ အဓိကခက်မသုံးဖြာရှိတဲ့အနက် အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် နိုင်ငံ့ဝန်ထမ်းဟာ အဓိကနေရာမှာ တည်ရှိနေပါတယ်။

**ကျောရိုးမဏ္ဍိုင်**

ဒ့ါအပြင် ကျင့်ဝတ်သိက္ခာပြည့်စုံခြင်း၊ ဘက်လိုက်မှုကင်းရှင်းခြင်း၊ တာဝန်ယူမှုနဲ့ တာဝန်ခံမှုရှိခြင်းစတဲ့ အခြေခံမူများအပေါ် ခိုင်ခိုင်မာမာရပ်တည်ပြီး လုပ်ရည်ကိုင်ရည်နဲ့ ယုံကြည်မှုခိုင်မာမှုရှိတဲ့ ဝန်ထမ်းများဟာ ကောင်းမွန်သော ဒီမိုကရေစီကျင့်စဉ်ရဲ့ ကျောရိုးမဏ္ဍိုင်ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကို ကိုယ်စားပြုပြီး ပြည်သူများအား အလုပ်အကျွေးပြုနေကြတဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ ရိုးဖြောင့်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ဟာ နိုင်ငံတော်နှင့် ပြည်သူများအကြား ယုံကြည်မှုများ တိုးပွားလာစေရေးအတွက် အလွန်အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံတော်ရဲ့ ပုံရိပ်နဲ့ နိုင်ငံတော်ရဲ့တန်ဖိုးကို ကိုယ်စားပြုထင်ဟပ်နေသူများဖြစ်ကြပါတယ်။ ဒါကြောင့် ဝန်ထမ်းများအနေနဲ့ စောင့်ထိန်းရမည့် ဥပဒေများ၊ စည်းကမ်းများ၊ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ လိုက်နာရမည့်ကျင့်ဝတ်များကိုလည်း တိတိကျကျသိရှိလိုက်နာသွားဖို့ မှာကြားလိုပါတယ်။

သားတို့၊ သမီးတို့ဟာ နိုင်ငံတော်က ပြုစုပျိုးထောင်ထားတဲ့ နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ပီသစွာ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကိုစောင့်သိပြီး နိုင်ငံတော်က မျှော်မှန်းထားတဲ့အတိုင်း မိမိတို့တာဝန်ကျရာ နယ်စပ်ဒေသတွေမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ လူမှု၊ စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ထမ်းဆောင်ကြဖို့လိုသလို အမိတက္ကသိုလ်မှာ ပညာဆည်းပူးကြရင်း သားတို့၊ သမီးတို့ရဲ့ ရင်ထဲမှာစွဲမြဲခဲ့ပြီဖြစ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားများအကြား ထွန်းကားပြန့်ပွားအောင်လည်း ဆောင်ရွက်ပေးကြပါလို့ အထူးမှာကြားလိုပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးဟာ အလွန်အရေးကြီးပါတယ်။ နိုင်ငံတည်ငြိမ်အေးချမ်းမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သင်ယူတတ်မြောက်ထားတဲ့ ပညာရပ်တွေနဲ့ လေ့လာဆည်းပူးထားတဲ့ အသိပညာတွေကို အခြေတည်ပြီး ရရှိလာတဲ့ တိုးတက်မှုတွေ၊ ကြီးပွားချမ်းသာမှုတွေကသာ ရေရှည်တည်တံ့ခိုင်မြဲနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသားတိုင်းရဲ့ အသိပညာ၊ အတတ်ပညာတွေ မြင့်မားလာရေးဟာ အလွန်ပဲအရေးကြီးပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အသိပညာ၊ အတတ်ပညာ မြင့်မားလာလေလေ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ရေရှည်ခိုင်မာလာလေလေ ဖြစ်ပါတယ်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

ကမ္ဘာ့အလယ်မှာ တင့်တယ်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် အစဉ်အမြဲရပ်တည်နိုင်ဖို့ဆိုရင် သားတို့၊ သမီးတို့အပါအဝင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက စိတ်ဓာတ်အင်အား၊ ညီညွတ်မှုအင်အား၊ ဉာဏ်ပညာအင်အားတွေနဲ့ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒါကြောင့် သားတို့၊ သမီးတို့အနေနဲ့ မိမိတို့တာဝန်ကျရာ ဒေသတွေမှာ ထူးချွန်ထက်မြက်တဲ့ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေဖြစ်လာရအောင် ပညာသင်ကြားပေးရေးတာဝန်တွေသာမက နိုင်ငံတော်တည်ဆောက်ရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းတွေမှာလည်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ကိုလည်း အထူးမှာကြားလိုပါတယ်။

ယခုလာရောက်တဲ့ လေ့လာရေးခရီးစဉ်မှာလည်း နိုင်ငံတော်အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်နေတဲ့ အခြေအနေတွေကို လက်တွေ့သိမြင်ပြီး နားလည်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ယခုလေ့လာရေးကနေရရှိတဲ့ အသိပညာဗဟုသုတတွေကိုလည်း မိမိတာဝန်ကျရာ ဒေသတွေမှာ လုပ်ငန်းတာဝန်ထမ်းဆောင်ကြတဲ့အခါ လက်တွေ့အသုံးချသွားကြပါလို့ မှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မိမိတို့တာဝန်ကျရာ ဒေသတွေမှာ တာဝန်ထမ်းဆောင်ကြတဲ့အခါ –

- ဒေသခံတိုင်းရင်းသားလူငယ်များကို စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သော နိုင်ငံ့သားကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြပါ။
- ဒေသခံတိုင်းရင်းသားလူငယ်များကို ၂၁ ရာစုကျွမ်းကျင်မှုများ (21st Century Skills) နဲ့ ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ (Soft Skills) ပြည့်ဝအောင် လေ့ကျင့်သင်ကြားပေးကြပါ။
- တိုင်းရင်းသားတွေကို မိမိတို့နိုင်ငံရဲ့ယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထားမြတ်နိုးပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်၊ ကာကွယ်စောင့်ရှောက်လိုစိတ်များ ထက်သန်လာစေရန် စည်းရုံးဆောင်ရွက်ပေးကြပါ။
- ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများပီသစွာ ဒေသဖွံ့ဖြိုးရေးနဲ့ ဒေသခံပြည်သူများရဲ့ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့မှာ ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြပါ။
- တိုင်းရင်းသားအားလုံးရဲ့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို လေးစားတန်ဖိုးထားပြီး တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရရှင်သန်နိုးကြား ထွန်းကားပြန့်ပွားနေစေဖို့ အမြဲမပြတ် ဦးဆောင်ကြိုးပမ်းဆောင်ရွက်သွားကြပါ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်တွေမှာ နိုင်ငံတော်အစိုးရနဲ့အတူ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် လေ့လာရေးကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် အောက်တိုဘာ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများအား လေ့လာရန် နေပြည်တော်သို့ ရောက်ရှိနေသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဦးမြဝင်းနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ ဦးဆောင်သည့် ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၃) နောက်ဆုံးနှစ် လေ့လာရေး ကျောင်းသားကျောင်းသူ ၂၆၈ ဦးတို့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနစုပေါင်းခန်းမ၌ ကျင်းပသည်။



**လုပ်ငန်းလမ်းညွှန်ချက်များအဖြစ် ခံယူ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့နံနက်ပိုင်းက နိုင်ငံတော်သမ္မတကြီး၏ ဩဝါဒလမ်းညွှန်မှာကြားချက်များကို ကျောင်းသားကျောင်းသူများအနေဖြင့် လုပ်ငန်းလမ်းညွှန်ချက်များအဖြစ်ခံယူပြီး သိရှိမှတ်သားနားလည်ရုံနှင့် ရပ်တန့်မထားဘဲ အမှန်တကယ်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားရေးသည် အလွန်အရေးကြီးပါကြောင်း၊ အောင်မြင်သူနှင့် မအောင်မြင်သူတို့၏ အဓိကအားနည်းချက်မှာ နားလည်သိရှိပြီးကြသော်လည်း လက်တွေ့တွင် အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် သတိမပြုမေ့လျော့နေကြခြင်းပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယနေ့နိုင်ငံတော်သမ္မတ၏ ဩဝါဒခံယူပြီးသည့်အပြင် မောင်တို့မယ်တို့မှလည်း လိုက်နာဆောင်ရွက်ပါမည်ဟု ကတိကဝတ်များ ပြုခဲ့ကြပြီးဖြစ်သည့်အတိုင်း နိုင်ငံတော်က အားကိုးအားထားပြုရမည့် ပညာရေးဝန်ထမ်းကောင်းများ၊ ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်အောင် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရား၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့် စည်းကမ်းများကိုလည်း တိတိကျကျလိုက်နာဆောင်ရွက်သွားကြရန်နှင့် လေ့လာရေးသွားရောက်နေသည့် ခရီးစဉ်အတွင်း ရောက်ရှိလေ့လာကြမည့်ဌာနများ၏ သမိုင်းကြောင်းနှင့် အစဉ်အလာများ၊ အမျိုးသားရေးစိတ်ဓာတ်နှင့် တိုင်းပြည်တည်ဆောက်ရေး တိုးတက်ဖြစ်ထွန်းနေမှုများ၊ လုပ်ငန်းဆောင်ရွက်နေမှုများ၊ နေရာဒေသများ၏ ဒေသန္တရဗဟုသုတများကို စိတ်ပါဝင်စားစွာ လေ့လာမှတ်သားစေလိုကြောင်း။

လေ့လာရေးခရီးစဉ်မှ ရရှိခဲ့သည့် အသိပညာဗဟုသုတများကို မိမိတို့၏လုပ်ငန်းခွင်များ၌ လက်တွေ့တာဝန်ထမ်းဆောင်သည့်အခါတွင် အတွေ့အကြုံများနှင့် သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များ ပေါင်းစပ်ချင့်ချိန်ပြီး ပြန်လည်အသုံးချသွားဖို့ လိုကြောင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို နားလည်သဘောပေါက်ပြီး ပြန်လည်ပေးဆပ်နိုင်ရန် နိုင်ငံတော်၏သားကောင်းသမီးမွန်များ ပီသစွာဖြင့် မိမိတို့တာဝန်ပေးအပ်ရာ နေရာဒေသများရှိ တိုင်းရင်းသားလူငယ်များအား အနာဂတ်နိုင်ငံတော်တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရေး ပြုစုပျိုးထောင်ပေးသွားရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးထံ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်က လေ့လာရေးခရီးစဉ် အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက လေ့လာရေးအဖွဲ့အား ထောက်ပံ့ငွေများ ပြန်လည်ပေးအပ်၍ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများ၊ ကြီးကြပ်သူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားဥပဒေစိုးမိုးရေး

ညီညီမင်း(ထွေအုပ်)

တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတိုင်းအတွက် များစွာ အရေးကြီးလှပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေများကို ပြုစုပြဋ္ဌာန်းသူ၊ ဥပဒေများကို ကိုင်တွယ်ကျင့်သုံးသည့်သူ၊ ဥပဒေများကို လိုက်နာသည့်သူအားလုံး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှသာ တရားဥပဒေစိုးမိုးရေးဖြစ်ပေါ်လာမည်ဟု ယူဆမိပါသည်။ ဥပဒေဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ဖို့နှင့် မလုပ်သင့်မလုပ်ထိုက်သည်များကိုမလုပ်ဖို့ တိုက်တွန်းတားမြစ်ချက်များပင်ဖြစ်ပါသည်။ ချစ်၍သော်လည်းကောင်း၊ မုန်း၍သော်လည်းကောင်း၊ ကြောက်၍သော်လည်းကောင်း၊ မသိ၍သော်လည်းကောင်း လုပ်သင့်လုပ်ထိုက်သည်များကိုမလုပ်ခြင်း၊ မလုပ်သင့် မလုပ်ထိုက်သည်များကိုပြုလုပ်ခြင်းသည် ဥပဒေကို မလေးစားမလိုက်နာခြင်းပင် ဖြစ်ပါသည်။

ချစ်ခြင်း၊ ကြောက်ခြင်း၊ မုန်းခြင်းနှင့် မသိခြင်းများသည် အဂတိတရားမကင်းရှင်းခြင်းပင် ဖြစ်ပါသည်။ အဂတိတရားကင်းရှင်းစွာဖြင့် ဥပဒေပြုသူများက ပြုသင့်ပြုထိုက်သည့် ဥပဒေများကိုပြုစုခြင်း၊ ပြင်ဆင်သင့်ပြင်ဆင်ထိုက်သည့် ဥပဒေများကိုပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းသင့်ပြဋ္ဌာန်းထိုက်သည့်ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပယ်ဖျက်သင့်ပယ်ဖျက်ထိုက်သည့် ဥပဒေများကိုပယ်ဖျက်ခြင်းဖြင့် ခေတ်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဥပဒေကိုကိုင်တွယ်ကျင့်သုံးသူများကလည်း ဆင်ခြင်တုံတရားရှိစွာဖြင့် အဂတိတရားကင်းကင်းထားကာ ကိုင်တွယ်ကျင့်သုံးရမည်ဖြစ်ပါသည်။ ဥပဒေကို လိုက်နာသူများကလည်း အဂတိတရားကင်းကင်းဖြင့် လိုက်နာကြရမည်ဖြစ်ပါသည်။

ပြုသင့်ပြုထိုက်သည့် ဥပဒေများကို ပြုစုရန် မသိခြင်း၊ ပြင်ဆင်သင့်ပြင်ဆင်ထိုက်သည့် ဥပဒေများကို ပြင်ဆင်ရန်မသိခြင်း၊ ပြဋ္ဌာန်းသင့် ပြဋ္ဌာန်းထိုက်သည့် ဥပဒေများကို ပြဋ္ဌာန်းရန်မသိခြင်း၊ ပယ်ဖျက်သင့် ပယ်ဖျက်ထိုက်သည့် ဥပဒေများကိုပယ်ဖျက်ရန် မသိခြင်းသည် တရားဥပဒေစိုးမိုးရေးအတွက် အဓိကအဟန့်အတားများပင် ဖြစ်ပါသည်။ ဥပဒေများကိုပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းများပြုလုပ်ရာတွင် ကျင့်သုံးမည့်သူများ၊ လိုက်နာမည့်သူများ အလွယ်တကူနားလည်စေရန် လိုအပ်ပါသည်။ ဥပဒေများသည် ရှင်းလင်းလွယ်ကူပြီး တိကျမှန်ကန်သည့် ဥပဒေများ ဖြစ်သင့်ပါသည်။

ဥပဒေကိုင်တွယ်ကျင့်သုံးသူများကလည်း မိမိတို့ကိုင်တွယ်ကျင့်သုံးသည့် ဥပဒေများ၊ တစ်ဆင့်ခံဥပဒေများကို ကျွမ်းကျွမ်းကျင်ကျင်သိရှိပြီး အဂတိတရားကင်းရှင်းစွာဖြင့် ဆင်ခြင်တုံတရားထားရှိကာ စေတနာထားပြီး ကိုင်တွယ်ကျင့်သုံးရမည်ဖြစ်ပါသည်။ လိုက်နာသူများကလည်း ဥပဒေများကိုသိရှိစေရန် လေ့လာပြီး ဥပဒေကို လေးစားသူများဖြစ်အောင် ကြိုးပမ်းရမည်ဖြစ်ပါသည်။ ဥပဒေကိုမသိ၍ မလိုက်နာခြင်းကို ဥပဒေက ခွင့်လွှတ်လိမ့်မည်မဟုတ်ပါ။ သို့အတွက်ကြောင့် ဥပဒေပြုစုသူများ၊ ကိုင်တွယ်ကျင့်သုံးသူများနှင့် ပြည်သူများက ဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာစေရေး ပညာပေးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လက်ရှိကိုင်တွယ်ကျင့်သုံးနေသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ပြည်ထောင်စုဥပဒေများ ၅၉၈ ခု၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ တစ်ဆင့်ခံဥပဒေများ ၁၄၉၂ ခု စုစုပေါင်း ၂၀၉၀ ရှိပါသည်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ပြည်ထောင်စုဥပဒေများ ၁၇၆ ခု၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ တစ်ဆင့်ခံဥပဒေများ ၆၁၃ ခုရှိပြီး စုစုပေါင်း ၇၈၉ ခု ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များ၏ ပြည်ထောင်စုဥပဒေများ ၄၅၉ ခု၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ တစ်ဆင့်ခံဥပဒေများ ၁၇၉ ခုရှိပြီး စုစုပေါင်း ၆၃၈ ခု ရှိပါသည်။ အချုပ်တင်ပြရလျှင် ဥပဒေပေါင်း ၁၂၃၃ ခု၊ တစ်ဆင့်ခံဥပဒေပေါင်း ၂၂၈၄ ခုရှိပြီး စုစုပေါင်းဥပဒေနှင့် တစ်ဆင့်ခံဥပဒေ ၃၅၁၇ ခု ရှိပါသည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ဥပဒေပြုသူများ၊ ကိုင်တွယ်ကျင့်သုံးသူများနှင့် လိုက်နာသူများက ဥပဒေများကိုသိရှိရန် အရေအတွက်များပြားသည့်အတွက် ခက်ခဲမည်ဟု ယူဆမိပါသည်။ သို့သော်လည်း ဥပဒေပညာရှင်များက မိမိသိရှိလိုသည့် ဥပဒေများကို မည်သည့်နေရာတွင်ရှိသည်၊ မည်သည့်နေရာတွင် ရှာရမည်ကို သိရှိခြင်းသည် အလွန်အရေးကြီးကြောင်း ထောက်ပြခဲ့ဖူးပါသည်။

တိုးတက်လာသော IT နည်းပညာများအရ မိမိသိရှိလိုသောဥပဒေများကို Online မှသော်လည်းကောင်း၊ Offline မှသော်လည်းကောင်း အလွယ်တကူရှာဖွေနိုင်ပြီဖြစ်ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဝက်ဘ်ဆိုက်ဖြစ်သည့် www.mlis:gov.mmတွင် ရှာဖွေနိုင်ပါသည်။ Offline ဖြင့် ပြုစုထားသောဥပဒေနှင့် တစ်ဆင့်ခံဥပဒေ ၃၅၁၇ ခုကိုလည်း စာရေးသူထံ ဖုန်း-၀၉၄၂၈၄၆၀၀၈၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုဝန်ကြီးဌာနများအလိုက်၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအလိုက်နှင့် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ကိုင်တွယ်ကျင့်သုံးသည့် ဥပဒေနှင့် တစ်ဆင့်ခံဥပဒေများစာရင်းကိုလည်း ဖော်ပြအပ်ပါသည်။ နိုင်ငံသူ နိုင်ငံသားများအားလုံးသည် ဥပဒေကို သိရှိလေးစားလိုက်နာမှသာ အမိမြန်မာပြည်သည် တရားဥပဒေစိုးမိုးမည်ဖြစ်ပါသည်။

ဥပဒေကိုင်တွယ်ကျင့်သုံးသူများကလည်း မိမိတို့ကိုင်တွယ်ကျင့်သုံးသည့် ဥပဒေများ၊ တစ်ဆင့်ခံဥပဒေများကို ကျွမ်းကျွမ်းကျင်ကျင်သိရှိပြီး အဂတိတရားကင်းရှင်းစွာဖြင့် ဆင်ခြင်တုံတရားထားရှိကာ စေတနာထားပြီး ကိုင်တွယ်ကျင့်သုံးရမည်ဖြစ်ပါသည်။ လိုက်နာသူများကလည်း ဥပဒေများကိုသိရှိစေရန် လေ့လာပြီး ဥပဒေကို လေးစားသူများဖြစ်အောင် ကြိုးပမ်းရမည် ဖြစ်ပါသည်။ ဥပဒေကိုမသိ၍ မလိုက်နာခြင်းကို ဥပဒေက ခွင့်လွှတ်လိမ့်မည်မဟုတ်

**ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ဥပဒေများ**

| စဉ် | ဝန်ကြီးဌာန | ပြည်ထောင်စု ဥပဒေများ | ပြည်ထောင်စု တစ်ဆင့်ခံ ဥပဒေများ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | နိုင်ငံခြားရေးဝန်ကြီးဌာန | ၃ | ၁ | ၄ |
| ၂ | သမ္မတရုံးဝန်ကြီးဌာန | ၁၅ | ၂၄ | ၃၉ |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၅၉ | ၉၈ | ၁၅၇ |
| ၄ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၃ | ၇ | ၂၀ |
| ၅ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၂ | - | ၂ |
| ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ၁ | ၂ | ၃ |
| ၇ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ၁ | - | ၁ |
| ၈ | ပြန်ကြားရေးဝန်ကြီးဌာန | ၆ | ၂၈ | ၃၄ |
| ၉ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ၁၉ | ၁၂၇ | ၁၄၆ |
| ၁၀ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၂၄ | ၁၅၃ | ၁၇၇ |
| ၁၁ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၄၁ | ၁၆၉ | ၂၁၀ |
| ၁၂ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁၃ | ၁၆၄ | ၁၇၇ |
| ၁၃ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ၈ | ၃၇ | ၄၅ |
| ၁၄ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၃၂ | ၁၀၂ | ၁၃၄ |
| ၁၅ | စက်မှုဝန်ကြီးဌာန | ၄ | ၃၈ | ၄၂ |
| ၁၆ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၂၀ | ၁၃၅ | ၁၅၅ |
| ၁၇ | ပညာရေးဝန်ကြီးဌာန | ၁၇ | ၁၄ | ၃၁ |
| ၁၈ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၂၉ | ၇၈ | ၁၀၇ |
| ၁၉ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၂၇၀ | ၂၃၉ | ၅၀၉ |
| ၂၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ၁ | ၂ | ၃ |
| ၂၁ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁၃ | ၄၀ | ၅၃ |
| ၂၂ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၅ | ၁၉ | ၂၄ |
| ၂၃ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ၁ | ၁၅ | ၁၆ |
| ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ | - | ၁ |
| | စုစုပေါင်း | ၅၉၈ | ၁၄၉၂ | ၂၀၉၀ |

**ပြည်ထောင်စုအဆင့် ဥပဒေများ**

| စဉ် | အဖွဲ့အစည်းအမည် | ပြည်ထောင်စု ဥပဒေများ | ပြည်ထောင်စု တစ်ဆင့်ခံ ဥပဒေများ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ | ၁၃ | ၄၈ | ၆၁ |
| ၂ | ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်အဖွဲ့ | ၈ | ၂၅ | ၃၃ |
| ၃ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၇၈ | ၆၇ | ၁၄၅ |
| ၄ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၁ | ၉ | ၁၀ |
| ၅ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၁၀ | ၃၇ | ၄၇ |
| ၆ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၆ | ၁၉ | ၂၅ |
| ၇ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၂ | ၁၁ | ၁၃ |
| ၈ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၂ | ၁၉ | ၂၁ |
| ၉ | နေပြည်တော်ကောင်စီ | ၂ | ၅၇ | ၅၉ |
| ၁၀ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | ၁ | ၆ | ၇ |
| ၁၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၄ | ၆ | ၁၀ |
| ၁၂ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | ၁ | ၇ | ၈ |
| ၁၃ | နိုင်ငံတော်သမ္မတရုံး | ၄၈ | ၃၀၂ | ၃၅၀ |
| | စုစုပေါင်း | ၁၇၆ | ၆၁၃ | ၇၈၉ |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ကျား/မတန်းတူညီမျှရေးနှင့် မိသားစုဆိုင်ရာဝန်ကြီးဌာနဝန်ကြီးတို့နှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂**
ကိုရီးယားသမ္မတနိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကျား/မတန်းတူညီမျှရေးနှင့် မိသားစုဆိုင်ရာဝန်ကြီးဌာနဝန်ကြီးတို့နှင့် သီးခြားစီတွေ့ဆုံသည်။

**ဆက်လက်တိုးမြှင့်ပူးပေါင်းဆောင်ရွက်**

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ Ms. Young.Ae Choi နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲမှု၊ လူ့အခွင့်အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံကဆောင်ရွက်ချက်များ၊ သက်ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများဖြစ်သည့် CRC၊ CEDAW၊ CRPD နှင့် ICESCR တို့ကို လက်မှတ်ရေးထိုး၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ Optional Protocol to the CRC on the Involvement of Children in Armed Conflict (OPAC)အား (၇၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် လက်မှတ်ထိုးခဲ့မှု၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ပေးပို့လာသော ပြည်သူများ၏ နစ်နာမှု၊ တိုင်ကြားစာများနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို အရေးယူဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ကော်မရှင်က လူငယ်သင်တန်းကျောင်းများ၊ ဌာနများနှင့်ပတ်သက်၍ အကြံပြုချက်များ ပေးပို့လာမှုအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကိုရီးယားသမ္မတနိုင်ငံသမ္မတကြီးနှင့် ဇနီးတို့၏ မြန်မာနိုင်ငံခရီးစဉ်အပြီး ကိုရီးယား-မြန်မာနှစ်နိုင်ငံအနေဖြင့် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှု တိုးတက်လာနိုင်မည့်အခြေအနေ၊ ကိုရီးယားအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ကိုရီးယားသမ္မတနိုင်ငံ၏ "New Southern Policy" နှင့်အညီ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ဆက်လက်တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌတို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

**ဆွေးနွေး**

ဆက်လက်၍ ကျား/မတန်းတူညီမျှရေးနှင့် မိသားစုဆိုင်ရာဝန်ကြီးဌာနဝန်ကြီး Ms. Lee Jung Ok နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီပြောင်းလဲမှုနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပိုမိုပါဝင်နိုင်ရေး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံအစည်းအဝေးများတွင် ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများပါဝင်မှုနှင့်ပတ်သက်၍ ဆွေးနွေးဆုံးဖြတ်ခဲ့မှု၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ထောင်နိုင်ရေး အစိုးရ၏ကြိုးပမ်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအား သက်ဆိုင်ရာဝန်ကြီးဌာနများသာမက အမျိုးသမီးအဖွဲ့အစည်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများပါ ပါဝင်၍ ပြောင်းလဲဖွဲ့စည်းထားမှု၊ ကျား/မ အခြေပြု အကြမ်းဖက်ခြင်း ကာကွယ်တားဆီးတုံ့ပြန်ရေးဆောင်ရွက်နေမှု၊ ကျား/မ အခြေပြု အကြမ်းဖက်မှု ခံရသူများအနေဖြင့် တရားမျှတမှုရရှိရေး၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးနေမှု၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းများဖွင့်လှစ်၍ သင်ကြားပေးနေမှုများ၊ ပဋိပက္ခအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten နှင့် Joint Communique အား လက်မှတ်ရေးထိုးခဲ့ပြီးနောက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းစီမံချက်ရေးဆွဲနေမှု၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်နေမှု၊ လူငယ်များ၏အခန်းကဏ္ဍနှင့် လူငယ်မူဝါဒ ရေးဆွဲဆောင်ရွက်ခဲ့မှု၊ ကလေးသူငယ်များ၏ အခွင့်အရေးအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ(၂၀၁၉) ပြဋ္ဌာန်းဆောင်ရွက်ခဲ့မှုများ ဆယ်ကျော်သက် ကလေးငယ်များဆိုင်ရာကိစ္စ၊ ကိုရီးယားသမ္မတနိုင်ငံ ကျား/မ တန်းတူညီမျှရေးနှင့် မိသားစုအရေးဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# အာဆီယံအပေါင်း(၃) အစည်းအဝေးနှင့် အခြား ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**
(၃၅)ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး ဒုတိယမြောက်နေ့ကို ယနေ့ နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ(ACDM)၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က လည်းကောင်း၊ ပူးတွဲဥက္ကဋ္ဌအဖြစ် Mr. Kistoffer James E. Purisima, Assistant Secretary၊ Deputy Administrator for Administration, Philippines တို့က လည်းကောင်း ဆောင်ရွက်ကြသည်။

အစည်းအဝေးနံနက်ပိုင်းတွင် အာဆီယံအပေါင်း(၃) နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ အာဆီယံအပေါင်း(၁)အဖြစ် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်များနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဆိုင်ရာ အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ UNDP နှင့် Swiss Agency for Development and Cooperation–SDC အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဒေသတွင်းမိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး(AHA Centre)၏ အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးကို ကျင်းပရာ AHA Centre အမှုဆောင်ညွှန်ကြားရေးမှူး Ms. Adelina Kamal က AHA Centre က ဆောင်ရွက်လျက်ရှိသည့် ဒေသတွင်းနိုင်ငံများရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ အရေးပေါ်ထောက်ပံ့ကူညီမှု လုပ်ငန်းများ၊ သတင်းအချက်အလက်စီမံခန့်ခွဲမှုနှင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ပြီး AHA Centre အုပ်ချုပ်မှုအဖွဲ့ဝင်ဖြစ်သည့် အာဆီယံနိုင်ငံများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**✪ ကျောဖုံးမှ**
ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။


**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ပင်မအစည်းအဝေးခန်းမအတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် အမျိုးသားလွှတ်တော် ဆာရန်းဂျယ်ခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါတွေ့ဆုံပွဲနှင့် နေ့လယ်စာစားပွဲသို့ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွေး၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျင်ဝမ်း၊ ဦးထွန်းကျော်၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ကိုရီးယားသမ္မတနိုင်ငံ National Assembly Library သို့ လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် အီလ်ဆန်ဒေသရှိ Hyundai Motor Studio သို့ လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် Sejong Culture Centre သို့ လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **သတင်းစဉ်**



**❖ တိုင်းဒေသကြီးမှ**
ဝဏ္ဏသိဒ္ဓိ အားကစားလက်ဝှေ့ရုံ၌ အမျိုးသမီး (၄၅)ကီလိုတန်းပြိုင်ပွဲ အမျိုးသား (၅၅)ကီလိုတန်း၊ အမျိုးသမီး (၄၉)ကီလိုတန်း ပြိုင်ပွဲများကို စတင်ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါပြိုင်ပွဲများသို့ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် အခမ်း အနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ – ကိုရီးယား နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများ ဖွင့်လှစ်၍ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့ အထိမ်းအမှတ် စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း အနုပညာဦးစီးဌာနက မြန်မာ–ကိုရီးယားရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေသည်။




အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ ဦးစိုးဝင်း၊ ဦးသောင်းထွန်းနှင့် နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သီဟ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်မြင့်နွယ်၊ ဦးအောင်လှထွန်း၊ ဒေါက်တာရဲမြင့်ဆွေ၊ ဦးဝင်းမော်ထွန်းနှင့် ဒေါက်တာထွန်းနိုင်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဆန်ဟွာနှင့် ၎င်းတို့၏ ဇနီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သံတမန်များ၊ စစ်သံမှူးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဗြိတိန်နိုင်ငံ Parliamentary Under–Secretary of State for International Development, Hon. Baroness Elizabeth Grace Sugg နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းအား ဗြိတိန်နိုင်ငံ Parliamentary Under– Secretary of State for International Development, Hon. Baroness Elizabeth Grace Sugg နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

**ကဏ္ဍစုံမှ ပြုပြင်ပြောင်းလဲဆောင်ရွက်**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဗြိတိန်ကိုယ်စားလှယ်အဖွဲ့အား ပြည်ပကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေးအတွက် အစိုးရ၏ကဏ္ဍစုံမှ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနေမှုများ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်များ၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် အမျိုးသမီးများပါဝင်မှု မြင့်မားရေးအတွက် တိုးတက်ရေးဆောင်ရွက်နေမှုများကို လည်းကောင်း ဆောင်ရွက်မှုများ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် ရှင်းလင်းပြောကြားခဲ့သည်။ ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံအား လူသားချင်းစာနာထောက်ထားမှုအကူအညီများနှင့် ဖွံ့ဖြိုးတိုးတက်မှုအကူအညီများ အစဉ်အဆက်ပေးအပ်နေမှုအတွက်လည်း ကျေးဇူးတင်ကြောင်း ပြောကြားသည်။



**ဆက်လက်ထောက်ပံ့ကူညီသွားမည်**

ဗြိတိန်နိုင်ငံ Parliamentary Under–Secretary of State for International Development, Hon. Baroness Elizabeth Grace Sugg က ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများအား ကျော်လွှားနိုင်ရန် မြန်မာအစိုးရက အားထုတ်ကြိုးပမ်းမှုများအပေါ် အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်ရေး အကူအညီအထောက်အပံ့များကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများအတွက်လည်း ဆက်လက်ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**




# မဟာတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် လမ်းလျှောက်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**

မဟာတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် လမ်းလျှောက်ပွဲကို မဟာတ္တမဂန္ဒီ၏ မွေးနေ့ဖြစ်သည့် ယနေ့ နံနက် ၅ နာရီ ၄၅ မိနစ်တွင် ဗိုလ်အောင်ကျော်လမ်းရှိ မဟာတ္တမဂန္ဒီ အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆော်ရက်(ဘ်)ကူမားနှင့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးတို့က အမှာစကားများ ပြောကြားကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသိအမှတ်ပြုဂေါပကအဖွဲ့၏ မဟာတ္တမဂန္ဒီ အထိမ်းအမှတ် ဂေါပကအဆောက်အအုံဆိုင်းဘုတ်အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန်၊ မဟာတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မဟာတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် လမ်းလျှောက်ပွဲကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ရန်ကုန်မြို့တော်ဝန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၊ ရန်ကုန်မြို့တော်ဝန်နှင့် အတူ လမ်းလျှောက်ပွဲကို တက်ရောက်လာကြသူများသည် ဗိုလ်အောင်ကျော်လမ်းမှစတင်၍ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်းမကြီး၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ ဗိုလ်အောင်ကျော်လမ်းစုရပ်သို့ စုပေါင်းလမ်းလျှောက်ကြသည်။

သတင်း – ရီရီမြင့်
ဓာတ်ပုံ – ဇော်မင်းလတ်

# နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ပြုလုပ်သည်။

အခမ်းအနားကို နံနက် ၉ နာရီတွင် ဖွင့်လှစ်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်းက အဖွင့်ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် အခမ်းအနားတက်ရောက်လာသူများက အဘိုးအဘွားများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်သည်။ **မောင်ဦး(အလုံ)**



ဗဟန်းမြို့နယ် ဗိုလ်ချို (၂)ရပ်ကွက် နတ်မောက်လမ်း စင်ကာပူကျောင်းရှေ့တွင် အောက်တိုဘာ ၁ ရက် ည ၁၀ နာရီက ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက မူးယစ်ဆေးဝါး၊ လက်နက်ပုန်း စသည့် နယ်မြေလုံခြုံရေးအတွက် မှုခင်းကြိုတင်ကာကွယ်ရေး ဆောင်ရွက်စဉ်။ တင်ဝင်းတင်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ထိုင်းသံအမတ်ကြီးနှင့် ဂျပန်ပြင်ပကုန်သွယ်ရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mrs. Suphatra Srimaitreephithak နှင့်အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ကယား၊ ကရင်၊ မွန်၊ ရခိုင်ပြည်နယ်များနှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာပြန့်ပွားရေးစင်တာများ ဆောင်ရွက်ရန်ကိစ္စ၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ဓာတုဓာတ်ကြွင်းနည်းသည့် မြေဩဇာများ သုံးစွဲနိုင်ရန်နှင့် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးကိစ္စ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးသီးနှံဇရိယာအလိုက် စိုက်ပျိုးရေးဆိုင်ရာ အာမခံလုပ်ငန်းများနှင့် အသေးစားငွေချေးလုပ်ငန်းဆောင်ရွက်နေမှုများတွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စ၊ စိုက်ပျိုးရေးသွင်းအားစုဆိုင်ရာ အဓိကလိုအပ်ချက်ဖြစ်သည့် မျိုးစေ့ထုတ်လုပ်ခြင်း၊ သွင်းအားစုထုတ်လုပ်ခြင်း၊ ရေအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ ဆည်မြောင်းတာတမံနည်းပညာဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်ပြင်ပကုန်သွယ်ရေးအဖွဲ့အစည်း (Japan External Trade Organization–JETRO) မှ မန်နေဂျင်းဒါရိုက်တာ Mr. Kazufumi TANAKA နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် ဂျပန်နိုင်ငံမှ ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးဆိုင်ရာကိစ္စ၊ ဂျပန်နိုင်ငံ နိုဘယ်ကုမ္ပဏီ၏ နို့နှင့်နို့ထွက်ပစ္စည်းလုပ်ငန်းဖွံ့ဖြိုးရေးစီမံကိန်း မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုနှင့်အတူ ပြည်တွင်းပြည်ပ ဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရေး၊ နို့နှင့်နို့ထွက်ပစ္စည်းများအား ဒေသတွင်း လိုက်လျောညီထွေမှုရှိစွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ ၂၀၁၈ ခုနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းအရ လက်ရှိအခြေအနေနှင့် ရေရှည်တည်တံ့သော မွေးမြူရေးကဏ္ဍဖွံ့ဖြိုးလာရေးဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် မြေယာအသုံးချမှုများအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်မည့် အလားအလာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဂျပန်ပြင်ပကုန်သွယ်ရေးအဖွဲ့အစည်း(JETRO) မှ မန်နေဂျင်းဒါရိုက်တာ Mr. Kazufumi TANAKA နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မြန်မာ–ထိုင်းချစ်ကြည်ရေးအမှတ် (၂) တံတားစီမံခန့်ခွဲမှု၊ ထိန်းသိမ်းမှုနှင့် အသုံးပြုမှုအတွက် သဘောတူညီချက်လက်မှတ်ရေးထိုးခြင်းအခမ်းအနားသို့ တက်ရောက်




**နေပြည်တော် အောက်တိုဘာ ၂**

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံ (မြဝတီ)နှင့် ထိုင်းနိုင်ငံ (မဲဆောက်) တို့ကို ဆက်သွယ်သည့် မြန်မာ–ထိုင်းချစ်ကြည်ရေးအမှတ် (၂) တံတားစီမံခန့်ခွဲမှု၊ ထိန်းသိမ်းမှုနှင့် အသုံးပြုမှုတို့အတွက် သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မြန်မာနိုင်ငံ မြဝတီမြို့နှင့် ထိုင်းနိုင်ငံ မဲဆောက်မြို့တို့အကြား ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ မြန်မာ – ထိုင်း နှစ်နိုင်ငံဆက်သွယ်ရေးသာမက ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့နှင့် မြန်မာနိုင်ငံ မော်လမြိုင်မြို့တို့ ဖြတ်သန်းဆက်သွယ်သော အရှေ့ – အနောက်စီးပွားရေးစင်္ကြံလမ်းပေါ်တွင် တည်ရှိ၍ ဒေသတွင်းနိုင်ငံများ၏ ကုန်သွယ်စီးပွားရေးများကို များစွာအကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Saksayam Chidchob က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Saksayam Chidchob တို့က မြန်မာ – ထိုင်းချစ်ကြည်ရေးအမှတ် (၂) တံတားစီမံခန့်ခွဲမှု၊ ထိန်းသိမ်းမှုနှင့် အသုံးပြုမှုတို့အတွက် သဘောတူညီချက်လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။ (ဓါတ်ပုံ)

**သတင်းစဉ်**




# ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဒုတိယဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဒုတိယဝန်ကြီး Ms. Nina Irmeli Vaskunlahti ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဒုတိယဝန်ကြီးနှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံသံရုံးအတွင်းရေးမှူး ဒေါ်သန်းသန်းလွင်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဦးဆောင်သည့် ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ပညာရေးဘွဲ့(B.Ed) သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀၂ ဦးတို့သည် ယနေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာခဲ့ကြသည်။

အဆိုပါလေ့လာရေးအဖွဲ့အား လွှတ်တော်ဆိုင်ရာဗဟုသုတများနှင့် သိရှိလိုသည်များကို ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ရှင်းလင်းပြောကြားသည်။

**သုံးရက်ကြိုတင်ပေးပို့နိုင်**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့် ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၅၈၇၁၇ ဦးရှိပြီး လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# "အောင်ဆန်း" ရုပ်ရှင်ဇာတ်ကားဇာတ်ဝင်ခန်းများ ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ရိုက်ကူး



ရန်ကုန် အောက်တိုဘာ ၂

"အောင်ဆန်း"ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်ရှိ ပဲခူးဆောင်၌ ဆက်လက်ရိုက်ကူးလျက်ရှိကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကား၏ ဒါရိုက်တာ အကယ်ဒမီ ဦးလူမင်းက ပြောသည်။

ဒါရိုက်တာ ဦးလူမင်းက ''ဒီနေ့ကတော့ "အောင်ဆန်း"ရုပ်ရှင်ရဲ့ ဒုတိယနေ့မြောက် ရိုက်ကွင်းပါ။ ဗိုလ်ချုပ်နေခဲ့တဲ့ ပဲခူးဆောင်ထမင်းစားခန်းမထဲမှာ ဗိုလ်ချုပ်နဲ့သူငယ်ချင်း ကိုညိုမြတို့ စကားပြောတဲ့အခန်းကို ရိုက်နေတာပါ။ ရိုက်ကွင်းကတော့ ဒီနေ့အထိ အဆင်ပြေပါတယ်။ လိုအပ်ချက်လေးတွေကိုလည်း ဖြည့်ဆည်းရင်းနဲ့လုပ်သွားပါတယ်။ ရှေ့ဆက်ပြီးတော့လည်း မျှော်မှန်းထားတဲ့အတိုင်း ပြီးစီးအောင်၊ ကောင်းမွန်အောင် အဘက်ဘက်က အားလုံးဝိုင်းဝန်းပြီး လုပ်ဆောင်နေပါတယ်''ဟု ပြောသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ စတင်ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ရိုက်ကွင်းဒုတိယမြောက်နေ့အဖြစ် ရန်ကုန်တက္ကသိုလ်ရှိ ပဲခူးဆောင်၌ အဓိကသရုပ်ဆောင် ကျော်ကျော်မျိုးနှင့်အတူ ဇာတ်ပို့၊ ဇာတ်ရံများပါဝင်ကာ ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသားဘဝက ပဲခူးဆောင်၌ နေထိုင်ခဲ့သည့်အကြောင်း ဇာတ်ဝင်ခန်းတချို့ကို ရိုက်ကူးနေခြင်းဖြစ်သည်။

ရိုက်ကွင်းနှင့်ပတ်သက်၍ ဒါရိုက်တာ ဦးလူမင်းက ''ကျော်ကျော်မျိုး အနေနဲ့ ဒီနေ့ကတော့ ပထမဆုံးရိုက်ရတဲ့ သူ့ရဲ့ဇာတ်ဝင်ခန်းပါ။ သူကတော့ ဗိုလ်ချုပ်ရဲ့စိတ်၊ ပြောဆိုတဲ့ လေယူလေသိမ်းနဲ့ ရိုက်ကွင်းရဲ့ ဒိုင်ယာလော့တွေအားလုံးကို ရပြီးသားဖြစ်နေတော့ အခက်အခဲမရှိပါဘူး။ သူ့ကို ကျွန်တော်တို့ အများကြီး သင်ကြားပေးထားပါတယ်။ ဇာတ်ကားထွက်ရင် သိရမှာပါ''ဟု ပြောသည်။

ဆက်လက်၍ ၎င်းက ''ရိုက်ကွင်းအစီအစဉ်ကတော့ အဘက်ဘက်က ချင့်ချိန်ပြီး လုပ်ရတာပါ။ အားလုံးအဆင်ပြေမယ့်နေရာတွေ အဓိကကတော့ အဓိကသရုပ်ဆောင်ဖြစ်တဲ့ ကျော်ကျော်မျိုးရဲ့ဆံပင်ကို ရဲဘော်သုံးကျိပ်စတဲ့ စစ်သားဘဝတွေ မရိုက်ခင်မှာ တက္ကသိုလ်ကျောင်းသားဘဝဆံပင်နဲ့ အခန်းတွေကို စရိုက်တာပါ။ နောက်ပိုင်းဆိုရင်တော့ သူ့ရဲ့ဆံပင်တွေကို ညှပ်ရမှာပါ။ သူ့ရဲ့ဆံပင်ကို အဓိကထားပြီးတော့ ရိုက်ကွင်းအစီအစဉ်တွေကို ကြိုတင်ပြီးရေးဆွဲရတာဖြစ်ပါတယ်"ဟု ပြောသည်။

ရန်ကုန်တက္ကသိုလ်၌ ရိုက်ကူးရာတွင် ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသားဘဝက ပဲခူးဆောင်၌နေထိုင်ခဲ့သည့်အကြောင်းများနှင့် ထိုခေတ်အခါက ရန်ကုန်တက္ကသိုလ်တွင်ဖြစ်ပွားခဲ့သော ဖြစ်ရပ်အခြေအနေအကြောင်းအရာများကို ရိုက်ကူးသွားမည်ဖြစ်ပြီး ယင်းနေရာတွင် ရိုက်ကူးမှုပြီးစီးသွားပါက လွတ်လပ်ရေးဆုံးရှုံးခဲ့စဉ်အချိန် ခေတ်ကာလအပိုင်းအနည်းငယ်ကို မန္တလေး၊ အင်းဂဘက်တွင်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ငယ်ဘဝကို ရေနံချောင်းနှင့်နတ်မောက်ဘက်တွင်လည်းကောင်း ဆက်လက်ရိုက်ကူးသွားမည်ဖြစ်သည်။

ယင်းရုပ်ရှင်ဇာတ်ကားကို ငါးလတာအချိန်အတွင်း ရိုက်ကူးပြီးစီးရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးကောင်းမွန်စေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးမြောက်စေရေးတို့အတွက် ကြိုးစားရိုက်ကူးလျက်ရှိကြောင်း ဒါရိုက်တာ ဦးလူမင်းက ဆိုသည်။ **သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် Myanmar Film Festival 2019 တွင် မြန်မာရုပ်ရှင်ဇာတ်ကားများ ပါဝင်ပြသမည်

ရန်ကုန် အောက်တိုဘာ ၂

Myanmar Film Festival 2019 ကို အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့တွင် အောက်တိုဘာ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါ ပွဲတော်တွင် မြန်မာနိုင်ငံမှ "ဥပါဒါန်" နှင့် "မနေ့သမြေမှ ကျောက်စိမ်းကမ္ဘာ"ရုပ်ရှင်ဇာတ်ကားများ ပါဝင်ပြသကြမည်ဖြစ်သည်။

**ပူးပေါင်းကျင်းပ**

အဆိုပါရုပ်ရှင်ပွဲတော်ကို အိန္ဒိယနိုင်ငံရှိ The Madras Film Society နှင့် ချန်နိုင်းမြို့ရှိ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး The Madras Film Society သည် လူမှုရေးရာတွင် တက်ကြွစွာဆောင်ရွက်သူ လွှတ်တော်အမတ်ဟောင်း Mrs. Ammu Swaminathan က ဦးဆောင်ကာ ၁၉၅၇ ခုနှစ်တွင် တည်ထောင်ခဲ့သော အိန္ဒိယနိုင်ငံ၏ ရှေးအကျဆုံးရုပ်ရှင်အဖွဲ့အစည်းဖြစ်သည်။

**အရည်အသွေးကောင်းမွန်**

ယင်းပွဲတော်သည် နိုင်ငံခြားရုပ်ရှင်ကားများပြသမှုကို အားပေးပြီး ဂျပန်၊ ထိုင်း၊ ကိုရီးယားနှင့် ရုရှားရုပ်ရှင်ဇာတ်ကားများကိုလည်း ပြသခဲ့ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ရုပ်ရှင်ဇာတ်ကားထုတ်လုပ်မှုများပြားလာသကဲ့သို့ အရည်အသွေးကောင်းမွန်သည့် ဇာတ်ကားများပါဝင်လာသဖြင့် မြန်မာရုပ်ရှင်ဇာတ်ကားများကို ပါဝင်ပြသရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(FDC)**

## စင်ကာပူနိုင်ငံမှ ရိုက်ကူးရေးအဖွဲ့ ဆံပင်ရောင်းဝယ်ပုံသတင်းမှတ်တမ်း ရိုက်ကူး



နေပြည်တော် အောက်တိုဘာ ၂

စင်ကာပူနိုင်ငံမှ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က ပျော်ဘွယ်မြို့ရှိ တက်နေလင်းဆံပင်ရောင်းဝယ်ရေးမှ ဆံပင်များကို သန့်စင်ပြီး ပြည်ပသို့ တင်ပို့နိုင်ခဲ့ပုံနှင့် ပျော်ဘွယ်မြို့တွင် တစ်နိုင်တစ်ပိုင် စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းများဖြင့် စားဝတ်နေရေးအဆင်ပြေနေပုံတို့ကို ရိုက်ကူးသည်။

အဆိုပါအဖွဲ့သည် စက်တင်ဘာ ၃၀ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် ရေကူးမြို့မကျောင်းတိုက်တွင် အမျိုးသမီးများ ဆံကေသာလှူဒါန်းနေပုံနှင့် အမျိုးသမီးများ ဆံပင်ဖြတ်၍လှူဒါန်းခြင်းသည် မွန်မြတ်သည့် အလှူဖြစ်ကြောင်း၊ ဆံပင်လှူဒါန်းမှုများဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ အလောင်းတော်ကဿပဥယျာဉ်တွင် ပေ ၅၅၀ အရှည်ရှိ "ရွှေဆံပင်တံတား" လှူဒါန်းနိုင်ခဲ့ကြောင်း ဆရာတော်ကမိန့်ကြားပုံတို့ကို ရိုက်ကူးခဲ့ပြီး ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်းရှိ ဆံပင်ရောင်းဝယ်မှုများနှင့် မှော်ဘီ၊ ထန်းတပင်နှင့် တိုက်ကြီးမြို့နယ်များတွင် တရုတ်နိုင်ငံမှ စက်ဘီးများလှူဒါန်းမှုများကိုလည်း ဆက်လက်ရိုက်ကူးမည်ဖြစ်သည်။ ထိုသို့ရိုက်ကူးမှုများကို တရုတ်နိုင်ငံအခြေစိုက် CGTN Online Channel ၏ Assignment Asia အစီအစဉ်တွင် ထုတ်လွှင့်ပြသရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **ညွန့်ညွန့်လှိုင်(FDC)**

## စပွန်ဆာနှင့် အမျှအမျှ ...ရုပ်ရှင်ဇာတ်ကားတို့ကို အောက်တိုဘာ ၃ ရက်တွင် ပြိုင်တူရုံတင်မည်

ရန်ကုန် အောက်တိုဘာ ၂

"စပွန်ဆာ"ရုပ်ရှင်ဇာတ်ကားနှင့် "အမျှ.. အမျှ..." ရုပ်ရှင်ဇာတ်ကားတို့ကို အောက်တိုဘာ ၃ ရက်မှစတင်၍ တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံပေါင်း ၆၇ ရုံတွင် ပြိုင်တူရုံတင်ပြသသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ သမ္မတရုပ်ရှင်ရုံနှင့် Junction City၊ JCGV အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ယမန်နေ့ညပိုင်းကကျင်းပသည့် ရုပ်ရှင်အထူးပြပွဲမှ သိရသည်။

"စပွန်ဆာ" ရုပ်ရှင်ဇာတ်ကားတွင် ဇာတ်လမ်း လုံမ၊ ဇာတ်ညွှန်း သက်ဦးမောင်၊ ဒါရိုက်တာ အောင်ဇော်လင်း၊ သရုပ်ဆောင် နေတိုး၊ ဇင်ဝိုင်း၊ ရဲလေး၊ ပိုင်ဖြိုးသု၊ မြတ်ကေသီအောင်၊ ကျော်ကျော်၊ ဝါဝါအောင်၊ ချောကလျာ၊ ခိုင်သဇင်ဦး၊ သဥ္ဇာမြင့်မိုရ်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

"မိဘ၊ ညီအစ်ကိုမောင်နှမတွေရဲ့ မေတ္တာတရားကို အခြေခံထားတဲ့ ဇာတ်ကားတစ်ကားပါ။ စပွန်ဆာဆိုတဲ့ ခေါင်းစဉ်အောက်မှာ မိသားစုအတွက်ပြေလည်အောင် ဆုံးဖြတ်တဲ့အချိန်မှာ ဆုံးဖြတ်ချက် မှားယွင်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ Title လေးပါ"ဟု သရုပ်ဆောင် နေတိုးက ပြောသည်။

"အမျှအမျှ..."ရုပ်ရှင်ဇာတ်ကားတွင် ဇာတ်ညွှန်း မောင်မြတ်ဆွေ၊ ဒါရိုက်တာ စတီး၊ သရုပ်ဆောင် ခန့်စည်သူ၊ အိန္ဒြာကျော်ဇင်၊ လင်းဇာနည်ဇော်၊ ကလေးသရုပ်ဆောင် ချစ်စနိုးနှင့် ယွန်းမေတို့ ပါဝင်ထားကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

ဂုဏ်ရည်ဆေးတိုက်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ဂုဏ်ရည် ® အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (တနယ်ဖင်း) ဝ၅၄/ဝ၇၃

၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၃၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



# ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဘက်စုံ၊ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းဆောင်ရွက်ချက်များအနက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အကျဉ်းချုပ်၍ ပြည်သူများသို့ အစီရင်ခံတင်ပြအပ်ပါသည်။

## ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးမှု

### စီးပွားရေးဇုန်



ကညင်ချောင်းစီးပွားရေးဇုန်စီမံကိန်း

ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်တောမြို့ ကညင်ချောင်း စီးပွားရေးဇုန် A (၄၉.၅၈) ဧက တည်ဆောက်ခြင်းလုပ်ငန်းမှာ လုပ်ငန်းအားလုံး၏ (၈၂ %) ပြီးစီးပြီဖြစ်ပါသည်။



ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း

ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် Transaction Document ပါ စာချုပ်များဖြစ်သည့် Concession Agreement နှင့် Share-holders Agreement များ ချုပ်ဆိုနိုင်ရေး ညှိနှိုင်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ Environmental Impact Assessment (EIA)/Social Impact Assessment (SIA) နှင့် Geological & Topographical –G.T Survey ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်လျက်ရှိသည့်အပြင် နိုင်ငံတကာ စီမံကိန်းစီမံခန့်ခွဲမှုအကြံပေးအဖွဲ့ (International Project Management Consultant –PMC) ငှားရမ်းဆောင်ရွက်ခြင်းအဖြစ် ဩစတြေးလျနိုင်ငံအခြေစိုက် HATCH Pty Ltd. ကုမ္ပဏီအား ရွေးချယ်ဆောင်ရွက်လျက်ရှိပါသည်။

### ရင်းနှီးမြှုပ်နှံမှု

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဒေသခံပြည်သူလူထု ပိုမိုပါဝင်နိုင်ရန် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်ဆောင်ရွက်နိုင်ခဲ့မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| (၁-၁-၂၀၁၈) မှ (၃၀-၄-၂၀၁၈) ထိ | (၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) ထိ | (၁-၉-၂၀၁၈) မှ (၃၁-၁၂-၂၀၁၈) ထိ | (၁-၁-၂၀၁၉) မှ (၃၀-၄-၂၀၁၉) ထိ | (၁-၅-၂၀၁၉) မှ (၃၁-၈-၂၀၁၉) ထိ |
|---|---|---|---|---|
| ၇၅ ခု | ၈၅ ခု | ၇၃ ခု | ၃၂ ခု | ၄၆ ခု |




ပလေီမြို့တွင် "Rakhine State Investment Fair 2019" အခမ်းအနား ကျင်းပခြင်း

ဒေသစီးပွားရေးဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို အထောက်အကူပြုစေရန် ပလေီမြို့တွင် ဂျာမနီနိုင်ငံအခြေစိုက် Stiftunglife Foundation ၏ ပူးပေါင်းကူညီမှုဖြင့် "ပလတ်စတစ်ပြန်လည်သန့်စင်အသုံးပြုသောစက်ရုံ"ကို (၈-၁-၂၀၁၉) ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။

ပုဂ္ဂလိက ကုမ္ပဏီများနှင့် ပူးပေါင်း၍ "Rakhine State Investment Fair 2019" ကို (၂၁-၂-၂၀၁၉) ရက်နေ့မှ (၂၃-၂-၂၀၁၉) ရက်နေ့အထိ ကျင်းပနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၂၅)ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၂၈)ခုတို့ ဆောင်ရွက်လျက်ရှိပါသည်။

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (SME)လုပ်ငန်းရှင်များ ချေးငွေရရှိမှု လွယ်ကူစေရန် လုပ်ငန်းရှင်ဖြစ်ကြောင်း သက်ဆိုင်ရာဘဏ်များသို့ ထောက်ခံချက်ပေးလျက်ရှိရာ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ငန်းရှင် (၃၇)ဦးသို့ ထောက်ခံချက် ထုတ်ပေးခဲ့ပါသည်။

### ခရီးသွားလုပ်ငန်း

ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် "ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ"၊ မာန်အောင်ကျွန်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ပင်မစီမံကိန်း ကြီးကြပ်ရေးကော်မတီများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။



ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၁၉) ကြိမ်မြောက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး

### အလုပ်သမားမှတ်ပုံတင်ခြင်း

| | | | |
|---|---|---|---|
| မှတ်ပုံတင်ခြင်း | ကျား(၄၆၁၈)ဦး | မ(၅၉၀၁)ဦး | စုစုပေါင်း (၁၀၅၁၉)ဦး |
| အလုပ်အကိုင်ရရှိ | ကျား(၆၀၆)ဦး | မ (၂၅၃)ဦး | စုစုပေါင်း (၈၅၉)ဦး |
| MobileTeam ဖြင့်မှတ်ပုံတင်ခြင်း | ကျား(၁၀၆)ဦး | မ(၅၂)ဦး | စုစုပေါင်း (၁၅၈)ဦး |
| အလုပ်အကိုင်ရရှိ | ကျား(၉၂)ဦး | မ (၄၂)ဦး | စုစုပေါင်း (၁၃၄)ဦး |

### သင်တန်းဖွင့်လှစ်ဆောင်ရွက်မှု



အခြေခံစက်ချုပ်နည်းပညာသင်တန်း၊ သင်ပုန်းတန်းကျေးရွာ၊ စစ်တွေမြို့



တစ်လုံးထိုး အင်ဂျင်သင်တန်း
အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေမြို့)

ရခိုင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းတိုးမြှင့်ရရှိစေရန်အတွက် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှုအနေဖြင့် ယခုအစီရင်ခံသည့်ကာလတွင် သင်တန်းစုစုပေါင်း (၁၁၆)ကြိမ်ကို သင်တန်းသား (၂၉၆၉)ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယခင်ကာလများအလိုက် သင်တန်းဖွင့်လှစ်မှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် –

| စဉ် | သင်တန်းအမည် | (၁-၁-၂၀၁၈) မှ (၃၀-၄-၂၀၁၈) ထိ | (၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) ထိ | (၁-၉-၂၀၁၈) မှ (၃၁-၁၂-၂၀၁၈) ထိ | (၁-၁-၂၀၁၉) မှ (၃၀-၄-၂၀၁၉) ထိ | (၁-၅-၂၀၁၉) မှ (၃၁-၈-၂၀၁၉) ထိ |
|---|---|---|---|---|---|---|
| ၁ | ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသော အသက်မွေးဝမ်းကျောင်းသင်တန်း | - | ၄၆၇ ဦး (၂၀ ကြိမ်) | ၈၉၃ ဦး (၂၈ ကြိမ်) | ၃၇၀ ဦး (၂၇ ကြိမ်) | ၇၂၆ ဦး (၁၁ ကြိမ်) |
| ၂ | အမျိုးသမီးဦးစားပေး အသက်မွေးဝမ်းကျောင်းသင်တန်း | ၅၆၈ ဦး (၄၂ ကြိမ်) | ၄၉၁ ဦး (၁၉ ကြိမ်) | ၇၇၉ ဦး (၃၀ ကြိမ်) | ၇၃၀ ဦး (၂၈ ကြိမ်) | ၇၉၉ ဦး (၃၄ ကြိမ်) |
| ၃ | ငွေကြေး/စီးပွားရေး၊ ပညာပေးသင်တန်း | - | - | - | ၁၄၆ ဦး (၆ ကြိမ်) | ၁၉၈ ဦး (၁၀ ကြိမ်) |
| | စုစုပေါင်း | ၅၆၈ ဦး (၄၂ ကြိမ်) | ၉၅၈ ဦး (၃၉ ကြိမ်) | ၁၆၇၂ ဦး (၅၈ ကြိမ်) | ၁၂၄၆ ဦး (၆၁ ကြိမ်) | ၁၇၂၃ ဦး (၅၅ ကြိမ်) |

(ဆက်လက်ဖော်ပြပါမည်)

# အိန္ဒိယနိုင်ငံ လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီ၏ နှစ် ၁၅၀ ပြည့် အထိမ်းအမှတ်ကျင်းပ



**နယူးဒေလီ အောက်တိုဘာ ၂**

အောက်တိုဘာ ၂ ရက်တွင် ကျရောက်သော အိန္ဒိယနိုင်ငံ လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီ၏ နှစ် ၁၅၀ ပြည့်အထိမ်းအမှတ် အခါသမယတွင် အိန္ဒိယနိုင်ငံတစ်ဝန်းရှိ ပြည်သူများက ဂါရဝပြုခဲ့ကြကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးဖခင် မဟတ္တမဂန္ဒီ၏ နူးညံ့သိမ်မွေ့သော ဆန္ဒထုတ်ဖော်မှုကြောင့် သူ့အား ကမ္ဘာတစ်ဝန်းက ချစ်ခင်လေးစားကြသည်။

အောက်တိုဘာ ၂ ရက်က ကျင်းပသော လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီ၏ နှစ် ၁၅၀ ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် ဝန်ကြီးချုပ် မိုဒီ အပါအဝင် နိုင်ငံရေးခေါင်းဆောင်များက တက်ရောက်ဂါရဝပြုခဲ့ကြသည်။ ထို့ပြင် အောက်တိုဘာ ၂ ရက်ကို အများပြည်သူအားလပ်ရက်အဖြစ် သတ်မှတ်ခဲ့သည်။

ငြိမ်းချမ်းရေးဗိသုကာကြီး မဟတ္တမဂန္ဒီကို အိန္ဒိယနိုင်ငံ ဗြိတိသျှကိုလိုနီခေတ်တွင် မွေးဖွားခဲ့ပြီး ဗြိတိသျှကိုလိုနီနယ်ချဲ့များအား တွန်းလှန်ရာတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် နိုင်ငံအတွင်း ဟိန္ဒူနှင့် မွတ်စလင်ဘာသာဝင်များအား ပြန်လည်ပေါင်းစည်းရေးအတွက် တိုက်တွန်းပြောကြားမှုကို ဆန့်ကျင်သည့် အစွန်းရောက်အဖွဲ့တစ်ဖွဲ့က မဟတ္တမဂန္ဒီအား လုပ်ကြံသတ်ဖြတ်ခဲ့သည်။

ယခုနှစ် မဟတ္တမဂန္ဒီ၏ နှစ် ၁၅၀ မြောက်အခမ်းအနားကို ဝန်ကြီးချုပ်မိုဒီ၏ ဟိန္ဒူအမျိုးသား ဘီဂျေပီပါတီအနေဖြင့် နိုင်ငံရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရချိန်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်မိုဒီအား ဆန့်ကျင်သူများက မိုဒီ၏ လမ်းစဉ်များသည် အိန္ဒိယနိုင်ငံကို ပြိုကွဲစေသည့် အကြောင်းအရင်းများကို ဖြစ်စေသည်ဟု စွပ်စွဲလျက်ရှိသည်။

လူ့အဖွဲ့အစည်းတွင် ဖြစ်ပေါ်လေ့ရှိသော အတိုက်အခံများအကြား သဘောထားကွဲလွဲမှုများကို ပြန်လည်စေ့စပ်ညှိနှိုင်းရာတွင် မဟတ္တမဂန္ဒီသည် စွမ်းရည်ထူးရှိသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု နယူးယောက်တိုင်းမ်သတင်းစာ၏ အတွေးအမြင်ကဏ္ဍအတွက် ဝန်ကြီးချုပ်မိုဒီက ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အောင်ကျော်ကျော်**

# အမေရိကန်အတွက် သူလျှိုလုပ်ပေးမှုဖြင့် အီရန်၌ လူတစ်ဦး သေဒဏ်ချမှတ်

**တီဟီရန် အောက်တိုဘာ ၂**

အီရန်နိုင်ငံသည် မည်သူမည်ဝါဟု မသိရသော ပုဂ္ဂိုလ်တစ်ဦးကို အမေရိကန်ပြည်ထောင်စုအတွက် သူလျှိုလုပ်ပေးမှုဖြင့် သေဒဏ်ချမှတ်လိုက်ကြောင်း အီရန်တရားစီရင်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဂိုလမ်ဟိုစိန်အစ္စမေးလ်က အောက်တိုဘာ ၁ ရက်တွင် ပြောကြားသည်။

သို့သော် အစ္စမေးလ်သည် အဆိုပါပုဂ္ဂိုလ်၏ အချက်အလက်နှင့် နိုင်ငံသားကို အတိအကျဖော်ပြခြင်းမရှိခဲ့ပေ။

ထို့အပြင် အီရန်အစိုးရသည် အာလီနယ်ဖရစ်နှင့် မိုဟာမက်အာလီဘာဘာဖောရ်ဆိုသူ အီရန်နိုင်ငံသားနှစ်ဦးကိုလည်း အမေရိကန်ပြည်ထောင်စုအတွက် သူလျှိုလုပ်ပေးမှုဖြင့် ဖမ်းဆီးထိန်းသိမ်းထားပြီး ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း အီရန်ကျောင်းသားသတင်းအေဂျင်စီ(ISNA) က အစ္စမေးလ်၏ ပြောကြားချက်ကို ကိုးကားဖော်ပြထားသည်။

ထို့အတူအီရန်အစိုးရသည် မိုဟာမက်အာမင်နာဆဲ့ဘ်ဆိုသူ အီရန်နိုင်ငံသားကိုလည်း ဗြိတိန်နိုင်ငံအတွက် သူလျှိုလုပ်ပေးမှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ပြောရေးဆိုခွင့်ရှိသူ အစ္စမေးလ်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# ဟောင်ကောင်ရဲများက ဆန္ဒထုတ်ဖော်သူ ၂၆၉ ဦးအား တစ်ရက်အတွင်း ဖမ်းဆီး

**ဟောင်ကောင် အောက်တိုဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ရေးနေ့ နှစ် ၇၀ မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပသည့် အောက်တိုဘာ ၁ ရက်တွင် ဟောင်ကောင်၌ ဆန္ဒထုတ်ဖော်သူ ၂၆၉ ဦးအား ရဲအရာရှိများက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါအရေအတွက်သည် ဇွန်လမှစပြီး တစ်ရက်အတွင်း ဖမ်းဆီးခဲ့သည့် ဆန္ဒထုတ်ဖော်သူအရေအတွက် အမြင့်မားဆုံးဖြစ်ကြောင်း ရဲအရာရှိများက ဆိုသည်။

ဖမ်းဆီးထားသော ဆန္ဒထုတ်ဖော်သူများသည် အသက် ၁၂ နှစ်မှ ၇၁ နှစ်အရွယ်အကြားဖြစ်ပြီး အများစုသည် မင်းမဲ့စရိုက်ဆန်စွာ ပြုမူဆောင်ရွက်ခြင်း (သို့မဟုတ်) တရားမဝင် လူစုလူဝေးခြင်းများတွင် ပါဝင်ခဲ့ခြင်းတို့ကြောင့် ဖြစ်ကြောင်း ရဲအရာရှိများက ဆက်လက်ပြောကြားခဲ့သည်။

အောက်တိုဘာ ၁ ရက်တွင် ဟောင်ကောင်၌ ဆန္ဒထုတ်ဖော်သူများနှင့် ရဲအရာရှိများအကြား ဖြစ်ပွားခဲ့သော အဓိကရုဏ်းကို ထိန်းချုပ်ဟန့်တားနိုင်ရန် လူစုခွဲရာတွင် မျက်ရည်ယိုဗုံး ၁၄၀၀ ခန့် အသုံးပြုခဲ့ရကြောင်း သိရသည်။

ယင်းအဓိကရုဏ်းတွင် ၁၁၇ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ယင်းတို့အနက် ငါးဦးသည် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ ရဲအရာရှိတစ်ဦး၏ ရော်ဘာကျည်ဆန်ဖြင့် ပစ်ခတ်မှုကြောင့် အသက် ၁၈ နှစ်အရွယ် ကျောင်းသားတစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရသည်။

ဟောင်ကောင်၌ ဖြစ်ပွားခဲ့သည့် ဆန္ဒထုတ်ဖော်မှုများကို ရှုတ်ချပါကြောင်း တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်တွင် ဟောင်ကောင်အတွင်း သုံးလကျော်ကြာဖြစ်ပွားလျက်ရှိသည့် ဆန္ဒထုတ်ဖော်မှုများကို ဆက်လက်ခွင့်ပြုနေမည်ဆိုပါက ဟောင်ကောင်အနေဖြင့် မလွဲကေန် ကျရှုံးမည်ဖြစ်ကြောင်း ရေးသားထားသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–အောင်ကျော်ကျော်**



# အမေရိကန်နှင့် တရုတ် ဝန်ကြီးများအဆင့် ကုန်သွယ်ရေးဆွေးနွေးပွဲများ ပြန်လည်ကျင်းပမည်

**ဝါရှင်တန် အောက်တိုဘာ ၂**

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဝန်ကြီးများအဆင့် ကုန်သွယ်ရေးဆွေးနွေးပွဲများကို လာမည့် တစ်ပတ်အတွင်း ဝါရှင်တန်၌ ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်က ဖော်ပြထားသည်။

အမေရိကန်အနေဖြင့်အောက်တိုဘာ ၁၀ ရက်တွင် တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် လျူဟေးနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော် ကုန်သွယ်ရေးအကြံပေးပုဂ္ဂိုလ် ပီတာနာဗာရိုက ဖောက်စ်ရုပ်မြင်သံကြားသတင်းဌာနသို့ အောက်တိုဘာ ၁ ရက်တွင် ပြောကြားခဲ့သည်။

ဇူလိုင်လအတွင်းက ရှန်ဟိုင်းတွင် ကျင်းပခဲ့သည့် ကုန်သွယ်ရေးဆွေးနွေးပွဲများ နောက်ပိုင်း ယခုတစ်ကြိမ်သည် အမေရိကန်နှင့် တရုတ်တို့အကြား ဝန်ကြီးများအဆင့် ပထမဆုံးအကြိမ် ကုန်သွယ်ရေးဆွေးနွေးပွဲများ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် လျူဟေးသည် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လစ်သီဇာနှင့် တွေ့ဆုံရန်လည်း မျှော်လင့်ထားသည်။

ဝါရှင်တန်နှင့် ပေကျင်းတို့သည် တစ်နိုင်ငံက တစ်နိုင်ငံအပေါ် ပိုမိုမြင့်မားသော အခွန်ကောက်ခံမှုများ လုပ်ဆောင်လျက်ရှိပြီး ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုများကလည်း အဆိုပါနှစ်နိုင်ငံ၏ စီးပွားရေးအပေါ် အကျိုးသက်ရောက်စေလျက်ရှိသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံကထွက်ရှိသည့် စိုက်ပျိုးရေးဆိုင်ရာကုန်ပစ္စည်းများကို ပိုမိုဝယ်ယူရေးတွန်းအားပေးရန်လည်း စိတ်ဆန္ဒပြင်းပြလျက်ရှိသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် စိုက်ပျိုးရေးထုတ်ကုန်များအပေါ် ယာယီ သဘောတူညီချက်တစ်ရပ်အနေဖြင့် ဆွေးနွေးမှုများပြုလုပ်မည်ဟု ထင်ကြေးပေးခံနေရလျက်ရှိသည်။

သို့ရာတွင် ထရန့်အစိုးရ၏ သဘောထားတင်းမာသူတချို့က ပြီးပြည့်စုံသော ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ကိုလိုချင်ကြောင်းနှင့် ဉာဏ်ပညာဖြင့် တီထွင်ထုတ်လုပ်ထားသော ကုန်ပစ္စည်းများ အခွင့်အရေးအပေါ် တရုတ်နိုင်ငံ၏ တရားမဝင်ချိုးဖောက်မှုများကို လွှမ်းခြုံနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–အလင်းသစ်**



# တူရကီက ဒုက္ခသည်များအား ဆီးရီးယားမြောက်ပိုင်းရှိ လုံခြုံရေးဇုန်တွင် နေရာချထားရန် စီစဉ်

**အန်ကာရာ အောက်တိုဘာ ၂**

ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် တည်ဆောက်မည့် လုံခြုံရေးဇုန်တွင် ဒုက္ခသည်နှစ်သန်း နေရာချထားရေးအတွက် ပထမဆုံးအကြိမ်အဖြစ် အစီအစဉ်ရေးဆွဲထားကြောင်း တူရကီသမ္မတ အာဒိုဂန်က ထုတ်ဖော်ပြောကြားလိုက်သည်ကို ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

ယူဖရေးတီးမြစ်နှင့် အီရတ်နယ်စပ်အကြား တည်ဆောက်မည့် အဆိုပါလုံခြုံရေးဇုန်ကို တည်ဆောက်ရေးအတွက် တူရကီနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ဩဂုတ်လအတွင်းက သဘောတူညီခဲ့ခြင်းဖြစ်သည်။ ယင်းလုံခြုံရေးဇုန် တည်ဆောက်ရေးအတွက် တစ်ဖက်သတ်ဆန်သည့်စစ်ရေးဆောင်ရွက်ချက်များကို လုပ်ဆောင်ရန် အာဒိုဂန်က သန္နိဋ္ဌာန်ချမှတ်ခဲ့ကြောင်းနှင့် ဆီးရီးယားမြောက်ပိုင်း ပြန်လည်တည်ဆောက်ရေးအတွက် အလှူရှင်များ ညီလာခံတစ်ရပ် ကျင်းပရန်လည်း တူရကီအနေဖြင့် စီစဉ်ထားကြောင်း တူရကီပါလီမန်ဥပဒေပြုမှု တစ်နှစ်တာအခမ်းအနားဖွင့်ပွဲတွင် အာဒိုဂန်က ပြောကြားခဲ့ခြင်းဖြစ်သည်။

မန်ဘစ်အပါအဝင် ယူဖရေးတီးမြစ်နှင့် အီရတ်နယ်စပ်အကြား တည်ဆောက်မည့် ကီလိုမီတာ ၃၀ အရှည်ရှိသည့် လုံခြုံရေးဇုန်တစ်လျှောက်တွင် ဒုက္ခသည်နှစ်သန်းကို နေရာချထားရန်စီစဉ်ထားကြောင်း အာဒိုဂန်က ပြောကြားခဲ့သည်။

ဒုက္ခသည်တစ်သန်းကို နေရာသစ်များတွင် နေရာချထားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ဒုက္ခသည် တစ်သန်းကို ယခင်ရှိပြီးဖြစ်သည့်နေရာများတွင် နေရာချထားမည်ဖြစ်ကြောင်းလည်း အာဒိုဂန်က ထပ်လောင်းပြောကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

# ရုရှားနိုင်ငံဦးဆောင်သော စီးပွားရေးဆိုင်ရာ အစည်းအဝေးသို့ အီရန်သမ္မတ ရိုဟာနီ တက်ရောက်

**ယီရီဗန် အောက်တိုဘာ ၂**

အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီသည် ယမန်နေ့က အာမေးနီးယားနိုင်ငံ ယီရီဗန်မြို့တော်၌ ကျင်းပသည့် ရုရှားနိုင်ငံဦးဆောင်သော ယူရေးရှားစီးပွားရေးသမဂ္ဂ သို့မဟုတ် EAEU ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

EAEU တွင် ရုရှားနှင့် ကာဇက်စတန်အပါအဝင် ယခင်ဆိုဗီယက်ပြည်ထောင်စုဝင် သမ္မတနိုင်ငံငါးခုဖြင့် ဖွဲ့စည်းထားသည်။ အီရန်သမ္မတ ရိုဟာနီက ဧည့်သည်တစ်ဦးအဖြစ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ EAEU နှင့် အီရန်အကြား အပြန်အလှန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာစေရန် စည်းကြပ်ခွန်လျှော့ချမည့်အစီအစဉ်တစ်ခုကို ရုရှားသမ္မတ ဗလာဒီမာပူတင်က ဆွေးနွေးခဲ့သည်။ ပြည်တွင်းစီးပွားရေးပတ်ဝန်းကျင်က EAEU နှင့် ကုန်သွယ်မှုတိုးချဲ့လုပ်ဆောင်ရန် အဆင်သင့်ရှိကြောင်း ရိုဟာနီက ပြောကြားသည်။ အမေရိကန်၏ ရန်လိုသော ကိုင်တွယ်ဖြေရှင်းမှုကို နိုင်ငံတကာအသိုင်းအဝိုင်းက ရင်ဆိုင်ရမည်ဟု ၎င်းက ဆိုသည်။ အမေရိကန်နိုင်ငံသည် ပြီးခဲ့သောနှစ်က အီရန်နျူကလီးယား သဘောတူညီချက်မှ နုတ်ထွက်ခဲ့ပြီး အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်စတင်ခဲ့သည်။ မကြာသေးမီနှစ်များအတွင်း EAEU အဖွဲ့ဝင်နိုင်ငံများက ရေနံနှင့်ဓာတ်ငွေ့ တင်ပို့မှုများ တိုးမြှင့်လာခဲ့သည်။ ကြီးမားသော စီးပွားရေးဇုန်တစ်ခု တည်ထောင်ရန်စီစဉ်ထားသည့် တရုတ်နိုင်ငံ၏ "ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း" ကြောင့် ကုန်သွယ်မှုတိုးတက်လာခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – ကျော်ထိုက်စိုး**





# နိုင်ငံရေးနယ်ပယ်၌ အမျိုးသမီးများပါဝင်မှုတိုးမြှင့်ရေး ကုလအထွေထွေညီလာခံဥက္ကဋ္ဌ တိုက်တွန်း

**နယူးယောက် အောက်တိုဘာ ၂**

ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဥက္ကဋ္ဌဖြစ်သူ တိဂျ်ဂျာနီမူဟာမက်ဘန်ဒေးသည် နိုင်ငံရေးနယ်ပယ်၌ အမျိုးသမီးများ ပါဝင်မှု ပို၍တိုးမြှင့်ရေးအတွက် ကုလသမဂ္ဂ အထွေထွေညီလာခံ အဖွဲ့ဝင်နိုင်ငံများအား အောက်တိုဘာ ၁ ရက်က တိုက်တွန်းလိုက်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံအစည်းဝေး ပြုလုပ်ရာ၌ သက်ဆိုင်ရာ နိုင်ငံများကိုယ်စား ဟောပြောရမည့် အမျိုးသမီးဦးရေသည် ရှစ်ရာခိုင်နှုန်းမျှသာ ရှိသည့်အတွက် နိုင်ငံရေးနယ်ပယ်၌ အမျိုးသမီးများ၏ပါဝင်မှု တိုးမြှင့်ရန် တိဂျ်ဂျာနီမူဟာမက် ဘန်ဒေးက ယခုကဲ့သို့ ကုလသမဂ္ဂ အထွေထွေညီလာခံ အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ကျား၊ မ တန်းတူ ညီမျှမှုအပေါ် မိမိတို့၏ ကတိကဝတ်ပြုမှုနှင့်ပတ်သက်၍ ယင်းကိန်းဂဏန်းသည် အလွန်နည်းပါးကြောင်း၊ သို့ဖြစ်ရာ နိုင်ငံရေးနယ်ပယ်၌ အမျိုးသမီးများ ပါဝင်မှုတိုးမြှင့်ရေးဆိုင်ရာ အဟန့်အတားများကို ဖယ်ရှားပြီး လမ်းကြောင်းဖွင့်ပေးနိုင်ရန်နှင့် နိုင်ငံရေးနယ်ပယ်၌ အမျိုးသမီးများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ရေးအတွက် မိမိအနေဖြင့် အဖွဲ့ဝင်နိုင်ငံများကို ဆက်လက် တိုက်တွန်းသွားမည်ဖြစ်ကြောင်း တိဂျ်ဂျာနီမူဟာမက်ဘန်ဒေးက သတင်းထောက်များအား ပြောကြားသည်။

ထို့အပြင် တိဂျ်ဂျာနီမူဟာမက်ဘန်ဒေးက ၎င်း၏ ဦးစားပေးကိစ္စရပ်များတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး၊ အရည်အချင်း ပြည့်မီသော ပညာရေး၊ ရာသီဥတုဆိုင်ရာ လှုပ်ရှားမှုတို့ ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# နျူကလီးယား ကတိကဝတ်များကို ပိုမိုလျစ်လျူရှုမည်ဟု အီရန်ထိပ်တန်းခေါင်းဆောင် ကတိပြု

**တီဟီရန် အောက်တိုဘာ ၂**

အီရန်ထိပ်တန်းခေါင်းဆောင် အယာတိုလာ ခါမေနီက အီရန်နိုင်ငံသည် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်ပါ ကတိကဝတ်များကို ပိုမိုလျှော့ချမည်ဟု ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့ကြောင်း အိုင်အာအင်န်အေ (IRNA) သတင်းအေဂျင်စီက ဖော်ပြသည်။

"နျူကလီးယားပြဿနာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ ကတိကဝတ်တွေကို ဆက်ပြီးလျှော့ချသွားမှာပါ၊ ဒါကို အလေးအနက်ထား လုပ်ဆောင်မှာ ဖြစ်ပါတယ်" ဟု ခါမေနီက အီရန်အစ္စလာမ့်စ် တော်လှန်ရေးအစောင့်တပ်ဖွဲ့ (IRGC) နှင့် ပြုလုပ်သည့် အစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ အီရန်နျူကလီးယားစွမ်းအင်အဖွဲ့သည် အလိုရှိသည့် ရလဒ်ရရှိသည်အထိ နျူကလီးယား ကတိကဝတ်များကို တိတိကျကျနှင့် အပြည့်အဝ လျှော့ချဖို့ တာဝန်ရှိကြောင်း ၎င်းက ပြောသည်။

၂၀၁၈ ခုနှစ်တွင် ဘက်စုံပူးတွဲ လုပ်ငန်းစီမံချက်(JCPOA) မှ တစ်ဖက်သတ်နုတ်ထွက်ခဲ့သည့် အမေရိကန်နိုင်ငံနှင့် ၎င်း၏ အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ၊ အီရန်နိုင်ငံ၏ အကျိုးစီးပွားများကို ကာကွယ်ဖို့ နှောင့်နှေးနေသည့် အီးယူတို့ကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံသည် ပြီးခဲ့သည့် မေလမှစတင်၍ ၎င်း၏ နျူကလီးယား ကတိကဝတ်များကို လျှော့ချလာခဲ့သည်။

ထိုအချိန်မှစ၍ အီရန်နိုင်ငံသည် JCPOA သဘောတူစာချုပ်တွင် ကန့်သတ်ထားသည့် နျူကလီးယားလောင်စာအများအပြားကို စုဆောင်းခြင်း၊ အဆင့်နိမ့်ယူရေနီယမ်များကို အဆင့်မြင့်သန့်စင်ခြင်း၊ နိုင်ငံ၏ အဆင့်မြင့်ယူရေနီယမ် စုဆောင်းမှုကို မြှင့်တင်ရန်အတွက် အဆင့်မြင့်စက်ဒလက်များကို စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ဇော်လင်း**

# ဆက်ဆံရေး ခိုင်မာတောင့်တင်းစေရန် ဗီယက်နမ်နှင့် လာအို သဘောတူ

**ဟနွိုင်း အောက်တိုဘာ ၂**

ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်စွမ်းဖုနှင့် ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိနေသော လာအိုဝန်ကြီးချုပ် ထောင်လွန်းဆီဆုလစ်တို့သည် အောက်တိုဘာ ၁ ရက်က ဗီယက်နမ်နိုင်ငံမြို့တော် ဟနွိုင်းမြို့တွင် တွေ့ဆုံခဲ့ကြရာ နှစ်နိုင်ငံအကြား နိုင်ငံသားများ အပြန်အလှန် သွားရောက်လည်ပတ်မှု အဆင်ပြေချောမွေ့ရေး၊ လူမှု–စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ် ၌ အတွေ့အကြုံချင်းဖလှယ်မှု တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးအတွက် နှစ်ဖက်အစိုးရ အေဂျင်စီများအား အားပေးအားမြှောက်ပြုရေးတို့အတွက် သဘောတူခဲ့ကြသည်။

ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် နယ်နိမိတ်မျဉ်းဆိုင်ရာ သဘောတူစာချုပ်များကို ဆက်လက်အကောင်အထည်ဖော်ရန်နှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးအား ၁၀ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်းအကြား နှစ်စဉ် တိုးမြှင့်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းလုပ်ဆောင်ကြရန်လည်း ကတိကဝတ်ပြုခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် နှစ်နိုင်ငံအကြား စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ဘဏ္ဍာရေး၊ ဘဏ်လုပ်ငန်း၊ စွမ်းအင်နှင့် လေယာဉ်မောင်းအတတ်ပညာ အစရှိသည့် နယ်ပယ်များတွင် သဘောတူစာချုပ် ရှစ်ခု လက်မှတ်ရေးထိုးခဲ့ရာ ငုယင်စွမ်းဖုနှင့် ထောင်လွန်းဆီဆုလစ်တို့က အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

ငုယင်စွမ်းဖုနှင့် ထောင်လွန်းဆီဆုလစ်တို့သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းစေရေးအပေါ် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# တရုတ် (တိုင်ပေ) တံတားပြိုကျမှုတွင် လေးဦး သေဆုံး

**တရုတ်(တိုင်ပေ) အောက်တိုဘာ ၂**

တရုတ် (တိုင်ပေ) အရှေ့မြောက်ပိုင်းရှိ ဆိပ်ကမ်းတစ်ခုကို ဆက်သွယ်ထားသည့် တံတားတစ်စင်းပြိုကျမှုတွင် လူ လေးဦး သေဆုံးခဲ့သည်။ တံတားပြိုကျချိန်တွင် ငါးဖမ်းလှေသုံးစင်းအတွင်း ပိတ်မိနေခဲ့ဖွယ်ရှိသော အမှုထမ်းများကို ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေလျက်ရှိသည်။

ယီလန်စီရင်စုရှိ အရှည် ၁၄၀ မီတာရှိသော အဆိုပါတံတားမှာ အောက်တိုဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၃၀ ဝန်းကျင်၌ ပြိုကျခဲ့ခြင်းဖြစ်သည်။ ဆီတင်သင်္ဘောတစ်စင်းလည်း ရေအောက်နစ်မြုပ်သွားခဲ့ပြီး ငါးဖမ်းလှေများမှာ အပျက်အစီးများအောက် ရောက်ရှိသွားခဲ့သည်။ သေဆုံးသူများမှာ သင်္ဘောအမှုထမ်းများဖြစ်မည်ဟု ယူဆရပြီး လူ ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။ အမှုထမ်းခြောက်ဦး ပျောက်ဆုံးနေဆဲဖြစ်ပြီး ရှာဖွေရေးလုပ်ငန်း ဆက်လက်လုပ်ဆောင်လျက်ရှိသည်။



တံတားပြိုကျရသည့် အကြောင်းရင်းကို မသိရသေးသော်လည်း တံတား၏ ပင်မရက်မ မပြိုကျမီ တံတားပြိုကျခဲ့ခြင်းဖြစ်ကြောင်း ဒေသန္တရအာဏာပိုင်များကို ကိုးကား၍ မီဒီယာများက ဖော်ပြခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂**

သစ်တောဦးစီးဌာန၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် အထွေထွေအုပ်ချုပ်ရေးအဖွဲ့များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းကို စက်တင်ဘာ ၂၇ ရက်နှင့် ၃၀ ရက်တို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် ကြို့ပြင် (IX)နှင့် နမ့်မဲကြိုးဝိုင်း အကွက်အမှတ်(၂) နေရာတို့မှ ကျွန်းသစ် ၆ ဒသမ ၉၅၈၀ တန်ကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် နယ်စပ်ကျောကြိုးဝိုင်း အကွက်အမှတ်(၂၀) အတွင်းမှ အင်၊ ထောက်ကြံ့နှင့် ဖန်ခါးခွဲသား စုစုပေါင်း ၈ ဒသမ ၆၂၃၄ တန်ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် နတ်ကြီးကျွန်းကျေးရွာနှင့် ကျောင်းစုကျေးရွာအနီး ဝန်းကျင် ချင်းတွင်းမြစ်အတွင်းမှ အင်၊ ကျွန်း၊ ကျွန်းပကာနှင့် လုံးပတ် သုံးပေအောက် ကျွန်းသစ်ခွဲသား စုစုပေါင်း ၂၈ ဒသမ ၉၄၃၀ တန်နှင့် အင်ဂျင်နှစ်လုံးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **မောင်လူမော်**

## ဝန်းသိုမြို့နယ်၌ ဌာနပိုင်ဆင်ကို အသုံးပြု၍ သစ်ခိုးထုတ်သူများ ဖမ်းမိ



**ဝန်းသို အောက်တိုဘာ ၂**

ကသာခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး ဦးစီးသောအဖွဲ့သည် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ စက်တင်ဘာ ၃၀ ရက်က ဝန်းသိုမြို့နယ် နန်းခမ်းတပ်လှင်ဘိနယ် ကပြင်လှင်ကြိုးပြင်ကာကွယ်တောအတွင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားမဝင်ကျွန်းသစ် ၃၅ လုံး (၁၃ ဒသမ ၇၆၆ တန်)၊ ကျွန်းခွဲသား ၁၆၉ ချောင်း(၂ ဒသမ ၁၀၂၆ တန်)၊ သစ်ခွဲရာတွင်အသုံးပြုသော ဆက်စပ်ပစ္စည်းများ၊ သစ်လုံးများကို ဆင်ဖြင့်သစ်ခွဲစက်သို့ ဆွဲလာသည့် ဆင်းလမ်းကြောင်းများအပြင် တရားမဝင် သစ်ခွဲစက်ပြုလုပ်နေသူ အင်းတော်မြို့နယ် သက္ကယ်ကျင်းကျေးရွာနေ ဝင်းချို၊ ဆန်းလင်းထွန်း၊ အောင်မျိုးသူ၊ လင်းအောင်၊ ထက်ပိုင်တို့ ငါးဦးအား ဝန်းသိုမြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ထွက်ပြေးတိမ်းရှောင်နေသူ သစ်ပိုင်ရှင် ဝန်းသိုမြို့နယ် ဆင်းကုန်းကျေးရွာနေ ဇော်မိုးဦး၊ ဆင်ခေါင်း စောမင်းဦးနှင့် ဆင်ဦးစီး သက်နိုင်ဦးတို့သုံးဦးအား ဖမ်းမိရေးအတွက် ဒေသခံများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လူအောင်(ကသာ)**



## တောင်ငူ၌ ဆိုင်ကယ်နှင့် ယာဉ်တိုက်မိ၊ သုံးဦးသေဆုံး

**တောင်ငူ အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၉)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဟောင်းတွင် အောက်တိုဘာ ၁ ရက် နံနက် ၃ နာရီက လူငယ် သုံးဦး စီးနင်းလာသော ဆိုင်ကယ်နှင့် ယာဉ်တစ်စီး(စုံစမ်းဆဲ)တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်စီးနင်းလာသူ သုံးဦးမှာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ တောင်ငူမြို့မရဲစခန်းမှ တာဝန်ကျရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာသော ယာဉ်တစ်စီး (စုံစမ်းဆဲ) နှင့် ကားလမ်းအတိုင်း မြောက်မှ တောင်သို့ အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ငူ)မှ ကျောင်းသားများဖြစ်ကြသည့် ဉာဏ်လင်းဟိန်း ရင်းတိုက်ကျေးရွာ ကျောက်တံခါးမြို့နယ်နေသူ မောင်းနှင်ပြီး နောက်တွင် ထွန်းမင်းနှင့် ပြည့်ကောင်းစံတို့ စီးနင်းလာသော ဆိုင်ကယ်သည် မိုင်တိုင် ၁၆၀/၁ နှင့် ၂ အကြား အခင်းဖြစ်နေရာတွင် မျက်နှာချင်းဆိုင်တိုက်မိခဲ့ပြီး ယာဉ်မောင်း(စိစစ်ဆဲ)မှာ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်စီးနင်းလာသူ သုံးဦးမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့၍ တောင်ငူမြို့မရဲစခန်းက တိုက်ပြေးသွားသောယာဉ်မောင်းအား အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

❐❐

## ဗဟန်းမြို့နယ် ကုက္ကိုင်းတံတားအဆင်း၌ ယာဉ်တစ်စီးမီးလောင်

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကုက္ကိုင်းတံတားအဆင်း၌ ယနေ့နံနက်အစောပိုင်းက ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၈ နာရီ မိနစ် ၄၀ ခန့်က မင်္ဂလာဒုံမှ ကမ္ဘာအေးဘုရားလမ်းအတိုင်း ဆူးလေသို့ ယာဉ်မောင်း ကိုသန့်ဇင်ဦး မောင်းနှင်လာပြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် ကမ္ဘာအေးဘုရားလမ်း အထက (၂) ရှေ့အရောက် အင်ဂျင်အပူလွန်ကဲရာမှ ဆီပိုက်ပြုတ်ထွက်၍ မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် ယာဉ်တစ်စီးလုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယာဉ်မောင်း ကိုသန့်ဇင်ဦးအား ဗဟန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ပွင့်သစ္စာ**

**မူးယစ်ကင်းစင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## မြစ်ကြီးနား၌ ရေခဲသေတ္တာမီးအားထိန်းစက် အပူလွန်ကဲရာမှ နေအိမ်သုံးလုံးမီးလောင်

**မြစ်ကြီးနား အောက်တိုဘာ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်၌ အောက်တိုဘာ ၂ရက် နံနက်ပိုင်းက ရေခဲသေတ္တာမီးအားထိန်းစက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားရာ နေအိမ်သုံးလုံး မီးလောင်သွားကြောင်း ပြည်နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၉ နာရီ ၁၀ မိနစ်က မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် နယ်မြေ(၄) ရှိ ဒေါ်နန်းမွန်း၏ နေအိမ်မီးဖိုချောင်တွင် တပ်ဆင်အသုံးပြုသည့် ရေခဲသေတ္တာမီးအားထိန်းစက် အပူလွန်ကဲရာမှ အိမ်ရှင် ဒေါ်နန်းမွန်း၏ အလျား ပေ ၃၀၊ အနံ ပေ၂၀ ရှိ နှစ်ထပ်အိမ် တစ်လုံး၊ ဦးတက်နေလင်း၏ နှစ်ထပ်အိမ် တစ်လုံးနှင့် ဦးရှောက်ဖူ၏ နှစ်ထပ်အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်ရာနေရာသို့ ပြည်နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးဆောင်သည့် သနွေမီးသတ်တပ်ဖွဲ့ဝင် ၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ နယ်မြေလုံခြုံရေးရဲတပ်ရင်းမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ်လေးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၉ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် ဒေါ်နန်းမွန်းအား မြစ်ကြီးနားနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

## လှည်းကူး၌ လမ်းဖြတ်ကူးသူအား ယာဉ်တိုက်မိ၍ သေဆုံး

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၌ ယနေ့ နံနက် ၄ နာရီ ၁၀ မိနစ်ခန့်တွင် ရန်ကုန်-ပဲခူးလမ်းအတိုင်း လှည်းကူးမှ ထောက်ကြန့်သို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသောယာဉ်သည် ရဲမွန်ကျေးရွာအုပ်စု ဘုန်းကြီးကျောင်းမှတ်တိုင်အနီးတွင် လမ်းဖြတ်ကူးသူ မောင်ချစ် ရဲမွန်ကျေးရွာ လှည်းကူးမြို့နယ်နေသူအား တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားကာ ယာဉ်တိုက်ခံရသူ မောင်ချစ်မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်းအား ဖမ်းဆီးရမိရေး စုံစမ်းရှာဖွေလျက်ရှိပြီး လှည်းကူးမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**



# မန်းမြေမှာ သုံးရက်တာ...အောဘစ်လေယာဉ်ကြီး..ပေါ်မှာ

## ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

မြန်မာနိုင်ငံကို "အောဘစ်" မျက်စိကုလေယာဉ်ကြီး လာမယ်ဆိုတော့ ဝမ်းသာမိတယ်။ "အောဘစ်"ဆိုတာနဲ့ မျက်စိအထူးကုလေယာဉ်ဆေးရုံကြီးရယ်လို့ သိရှိကြတဲ့သူတွေရှိသလို မသိတဲ့သူတွေလည်း ရှိနေနိုင်ပါတယ်။ "အောဘစ်"လေယာဉ်ကြီး မြန်မာနိုင်ငံကို ဆင်းသက်တာ ယခုအကြိမ်နဲ့ဆိုရင် ဆယ်ကြိမ်မြောက်ဖြစ်ပါတယ်။ မန္တလေးမြို့ကိုတော့ လေးကြိမ်မြောက် ဆင်းသက်ခြင်းပါ။

"အောဘစ်"မျက်စိကုလေယာဉ်ကြီးက ဘယ်နိုင်ငံက လာတာလဲ၊ သူတို့က ဘာတွေလုပ်ပေးမှာလဲ၊ အခမဲ့လား၊ ဘယ်လိုအကျိုးကျေးဇူးတွေရမှာလဲ၊ ဘယ်လိုရောဂါတွေကို ကုသပေးမှာလဲ၊ ပြချင်တဲ့သူတိုင်း ပြခွင့်ရှိသလား စတဲ့မေးခွန်းတွေကိုလည်း ကျွန်မတို့တစ်တွေ အမေးခံရပါတယ်။

ပထမဆုံး ဘယ်နိုင်ငံကလာတာလဲဆိုတဲ့ မေးခွန်းကို အတိအကျဖြေဆိုဖို့က ခက်ပါတယ်။ "အောဘစ်"ရဲ့ ဌာနချုပ်ဟာ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာ ရုံးစိုက်ပေမယ့် "အောဘစ်"ဟာ အမေရိကန်အစိုးရရဲ့ လက်အောက်ခံအဖွဲ့အစည်းတစ်ခု မဟုတ်သလို ကုလသမဂ္ဂနဲ့လည်း မသက်ဆိုင်ပါဘူး။ "အောဘစ်"ရဲ့ ရုံးခွဲတွေက လန်ဒန်၊ ဟူစတန်နဲ့ ဟောင်ကောင်မြို့တွေမှာလည်း ရှိနေပါတယ်။

### ဝန်ထမ်း ၂၀၀ ခန့်

အဲဒီ"အောဘစ်" စီမံချက်မှာ အချိန်ပြည့်တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်း ၂၀၀ ခန့်ဟာလည်း နိုင်ငံတကာမှာ တာဝန်အသီးသီးကို ထမ်းဆောင်နေကြတဲ့သူတွေဖြစ်ပါတယ်။ လေယာဉ်ပေါ်မှာ လိုက်ပါပြီး အချိန်ပိုင်းလုပ်အားပေးနေကြတဲ့ အလှည့်ကျဆရာဝန်ကြီးတွေကလည်း ကမ္ဘာ့အရပ်ရပ်မှ ထင်ရှားကျော်ကြားတဲ့ မျက်စိအထူးကုဆရာဝန်ကြီးများ၊ ပါရဂူကြီးများ၊ ပါမောက္ခကြီးများပဲ ဖြစ်ကြပါတယ်။ "အောဘစ်" လေယာဉ်ကြီးကို မောင်းနှင်ပေးတဲ့ လေယာဉ်မှူးကြီးများကလည်း နိုင်ငံအသီးသီးမှ လုပ်အားပေးများဖြစ်ကြပါတယ်။

အမှန်တကယ်တော့ "အောဘစ်"လေယာဉ်ကြီးဟာ အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ မတည်ငွေ၊ ယူနိုက်တက်လေကြောင်းကုမ္ပဏီက လှူဒါန်းထားတဲ့ ဒီစီ (၈) လေယာဉ်၊ ALCON ဖောင်ဒေးရှင်းက လှူဒါန်းထားတဲ့ အမ်ဒီ (၁၀) လေယာဉ်၊ စေတနာရှင်အဖွဲ့အစည်းများရဲ့ အလှူငွေ၊ ဆေးကုမ္ပဏီကြီးများရဲ့ ပံ့ပိုးမှု၊ လှူဒါန်းမှုတွေနဲ့ သက်ဝင်လှုပ်ရှားနေတဲ့ ကုသိုလ်ဖြစ်လုပ်ငန်းပဲ ဖြစ်ပါတယ်။ လွန်ခဲ့သောနှစ်ပေါင်း ၃၅ နှစ်ကစပြီး အမြင်အာရုံဆုံးရှုံးမှုအတွက် ကာကွယ်ကုသရေးလုပ်ငန်းတွေမှာ ကနဦးစတင်ဆောင်ရွက်ခဲ့တဲ့ တစ်ကမ္ဘာလုံးဆိုင်ရာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခုပဲဖြစ်ပါတယ်။ ဒါကြောင့် "အောဘစ်" ဟာ ကမ္ဘာပေါ်မှာရှိတဲ့ တစ်ခုတည်းသော မျက်စိရောဂါနှင့် သင်ကြားရေးလေယာဉ်ဆေးရုံကြီးပဲ ဖြစ်ပါတယ်။

ယနေ့ ၂၀၁၉ ခုနှစ်မှာ မြန်မာနိုင်ငံကိုရောက်ရှိလာခဲ့တဲ့ "အောဘစ်" လေယာဉ်ကြီးကတော့ မန္တလေးမြို့မှာ နှစ်ပတ်အကြာ ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ကမ်းလှမ်းချက်အရ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးနဲ့ ပူးပေါင်းပြီး စက်တင်ဘာ ၂၃ ရက်နေ့မှ အောက်တိုဘာ ၄ ရက်နေ့အထိ နှစ်ပတ်ကြာ သင်တန်းစီမံချက်ကို လေယာဉ်ကြီးပေါ်မှာ ပြုလုပ်သွားမှာပဲ ဖြစ်ပါတယ်။



### အင်တာနက်နဲ့ချိတ်ဆက်ပြီး ဆောင်ရွက်

ယခုသင်တန်းစီမံချက်မှာ မြန်မာနိုင်ငံမှ မျက်စိဆရာဝန်များကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခြင်း၊ မျက်စိရောဂါဆိုင်ရာပညာရပ်တွေကို နှီးနှောဖလှယ်ဆွေးနွေးခြင်းနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ပေးသွားမှာဖြစ်ပါတယ်။ အဲဒီလို စာတွေ့၊ လက်တွေ့သင်တန်းတွေနဲ့ ခွဲစိတ်ကုသမှုတွေကို အင်တာနက်နဲ့ချိတ်ဆက်ပြီး ဆောင်ရွက်သွားမှာဖြစ်လို့ မျက်စိဆရာဝန်များအနေနဲ့ မိမိစိတ်ဝင်စားတဲ့အပိုင်းကဏ္ဍကို အချိန်နဲ့တစ်ပြေးညီ ကြည့်ရှုလေ့လာနိုင်ကြပါတယ်။

သင်တန်းစီမံချက်များအရ ကလေးသူငယ်ဆိုင်ရာ မျက်စိစွေစောင်းရောဂါ၊ အတွင်းတိမ်၊ ရေတိမ်၊ မျက်ကြည်လွှာဆိုင်ရာရောဂါ၊ မျက်ခွံနှင့် မျက်ရည်လမ်းကြောင်းဆိုင်ရာရောဂါများနဲ့ မျက်စိမြင်လွှာဆိုင်ရာရောဂါများ အစရှိတဲ့ မျက်စိရောဂါပညာရပ်တွေ ဖွံ့ဖြိုးတိုးတက်စေဖို့ အဓိကရည်ရွယ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ဆေးပညာဆိုင်ရာ အင်ဂျင်နီယာများကို ဆေးပညာဆိုင်ရာသင်တန်းများ ကျင်းပပေးခြင်း၊ ဘွဲ့လွန်သင်တန်းသားများအတွက် အသံလွှန်လှိုင်းဖြင့် အတွင်းတိမ်ကို ခြေမွစုပ်ယူဖယ်ရှားခွဲစိတ်ခြင်းနည်းပညာများကို လက်တွေ့လေ့ကျင့်သင်တန်းပေးခြင်းတွေနဲ့အတူ ရေတိမ်ရောဂါရဲ့ နောက်ဆုံးပေါ်ခွဲစိတ်နည်းစနစ်များကိုပါ လက်တွေ့သင်ကြားပို့ချပေးသွားမှာ ဖြစ်ပါတယ်။

ALCON ဖောင်ဒေးရှင်းရဲ့ ပံ့ပိုးကူညီမှုနဲ့ မန္တလေးမှာ သာမက မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ မျက်စိဆရာဝန်များ၊ သူနာပြုများ၊ မေ့ဆေးဆရာဝန်များ၊ ဆေးပညာဆိုင်ရာ အင်ဂျင်နီယာများနဲ့ ကျွမ်းကျင်ပညာရှင်များကို သက်ဆိုင်ရာ မျက်စိအထူးကုဘာသာရပ်အလိုက် စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ တကယ်တော့ ယခု စီမံချက်ဟာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသားမျက်စိ ကျန်းမာရေးစီမံချက် (၂၀၁၇-၂၀၂၁) ကို ပြည်သူလူထုအားလုံး သတိပြုမိစေဖို့ ရည်ရွယ်တယ်လို့ ဆိုပါတယ်။

"အောဘစ်"ရဲ့ အဓိကဦးတည်ချက်အစစ်အမှန်က မျက်မမြင်ရောဂါကာကွယ်ရေးနဲ့ မျက်စိရောဂါပညာပြန့်ပွားအောင် သင်ကြားရေးသာဖြစ်လို့ ဘွဲ့လွန်သင်တန်းသားတွေနဲ့ မျက်စိရောဂါအထူးပြုဘာသာရပ်တစ်ခုချင်းစီကို ဆက်လက်သင်ယူတက်ရောက်နေဆဲသူတွေအတွက် အဓိကထား ပညာပေးဖို့ဖြစ်




"အောဘစ်" လေယာဉ်ကြီးဟာ မြန်မာနိုင်ငံကို ၁၉၉၁ ခုနှစ်မှ စတင်ပြီး ရန်ကုန်မြို့မှာ ဆင်းသက်ခဲ့ပါတယ်။ ၁၉၉၂၊ ၁၉၉၃၊ ၁၉၉၄၊ ၁၉၉၇ နဲ့ ၁၉၉၉ ခုနှစ်တွေမှာ ဆက်တိုက်ဆိုသလို ရန်ကုန်မြို့မှာပဲ ဆင်းသက်ခဲ့တာပါ။ ၁၉၉၉ ခုနှစ်က ကျွန်မတို့ မျက်စိဘွဲ့လွန်သင်တန်းတက်နေချိန်နဲ့ ကြုံကြိုက်တာကြောင့် မျက်စိဘွဲ့လွန်သင်တန်းသားတွေအားလုံးအတွေ့အကြုံများစွာ ရရှိခဲ့ပါတယ်။ အဲဒီတုန်းကတော့ အတွင်းတိမ်ရောဂါအတွက် နောက်ဆုံးပေါ်ခေတ်မီနည်းစနစ်တွေကို "ဝက်လက်ဘ်" လို့ ခေါ်တဲ့ လက်တွေ့သရုပ်ပြသင်ကြားမှုတွေနဲ့ လေ့ကျင့်ပေးတာကို ခံယူကြရပါတယ်။ လေယာဉ်ကြီးပေါ်မှာဆိုရင် နောက်ဆုံးထွက်ရှိတဲ့ မျက်စိရောဂါဆိုင်ရာ ဆေးပညာစာအုပ်တွေ၊ စာစောင်တွေ၊ စီဒီခွေတွေ ပါရှိလာတာကို ကျွန်မတို့ ကူးယူကြတယ်၊ လေ့လာကြတယ်၊ အတွေ့အကြုံကောင်းတွေ အများကြီး ရရှိခဲ့ရတယ်။ အခု ၂၀၁၉ ဆိုတော့ ရန်ကုန်မြို့ကို "အောဘစ်" လေယာဉ်ကြီး မဆင်းသက်တာ နှစ်ပေါင်း ၂၀ ရှိပြီလို့ ဆိုရမှာပါ။ နောက်နှစ်တွေမှာ ရန်ကုန်မြို့ကို ဆင်းသက်စေချင်မိပါတယ်။

### စမ်းသပ်စစ်ဆေး

ဒါနဲ့ပဲ ကျွန်မလည်း စက်တင်ဘာ ၂၃ ရက်မှာ မန္တလေးကို အရောက်လာခဲ့မိတယ်။ "အောဘစ်"ရဲ့အလုပ်ချိန်ဇယားအရ တနင်္လာနေ့တစ်ရက်တည်း လူနာတွေကို စမ်းသပ်စစ်ဆေးပါတယ်။ ပြသချင်တဲ့၊ ကုသမှုခံယူချင်တဲ့လူနာတွေက များပြားတာကြောင့် မန္တလေးမျက်စိ၊ နား၊ နှာခေါင်းဆေးရုံရဲ့ ပါမောက္ခ မျက်စိဆရာဝန်ကြီးတွေက ကြိုတင်စိစစ်ရွေးချယ်ထားတဲ့ လူနာတွေကို "အောဘစ်"အဖွဲ့က ထပ်မံစစ်ဆေးကြည့်ရှုပေးပြီး အကြံဉာဏ်များ၊ ထင်မြင်ချက်နဲ့ ဆုံးဖြတ်ချက်များကို ပေးပါတယ်။ အဲဒီလူနာတွေထဲကမှ လေယာဉ်ကြီးပေါ်မှာ မျက်စိခွဲစိတ်ကုသဖို့ တစ်ရက်ကို ငါးဦးခန့်နဲ့ လေဆာရောင်ခြည်နဲ့ကုသဖို့ လူနာ တစ်ရက်ကို သုံးဦးခန့်ရွေးချယ်ကြပါတယ်။ ကျွန်မရောက်သွားတဲ့ တနင်္လာနေ့မှာတော့ လူနာတွေကို စိစစ်ရွေးချယ်နေကြပြီ ဖြစ်ပါတယ်။

အင်္ဂါနေ့ နံနက် ၉ နာရီမှာ ရွေးချယ်ထားတဲ့ ခွဲစိတ်ခံလူနာတွေရော မြန်မာနိုင်ငံမှ မျက်စိဆရာဝန်၊ မေ့ဆေးဆရာဝန်တွေ၊ ဆရာမတွေနဲ့ ဘွဲ့လွန်သင်တန်းသားတွေအားလုံး တစုတစည်းတည်း "အောဘစ်"လေယာဉ်ကြီးပေါ်ကို တက်ရောက်ကြရပါတယ်။ လေဆိပ်အဝင်ကစလို့ လေယာဉ်ပေါ်ရောက်သည်အထိ လုံခြုံရေးကို သေသေချာချာ တင်းကျပ်စွာ စီမံထားကြပါတယ်။ ကျွန်မတို့အားလုံး နံပါတ်ပြားတပ်ထားတဲ့ လည်ဆွဲကို ဆွဲထားရပါတယ်။ တာဝန်ချထားတဲ့ လေဆိပ်ဝန်ထမ်းက စောင့်ရှောက်ပြီး လေယာဉ်ထဲကို ဝင်ရပါတယ်။

လေယာဉ်ထဲကိုစတင်ဝင်တဲ့ ဝင်ပေါက်တည့်တည့်မှာ ရုံးခန်းရှိပါတယ်။ ဘယ်ဘက်ကို ချိုးလိုက်ရင် စာသင်ခန်းကို ရောက်ပါတယ်။ စာသင်ခုံ ၄၆ ခုံ ရှိပါတယ်။ လေယာဉ်ပေါ် တက်ရမယ့်လူဦးရေကို ကန့်သတ်ထားပြီး ဆေးတက္ကသိုလ်အလိုက်၊ နေ့အလိုက် အလှည့်ကျဝင်ကြရပါတယ်။ လေယာဉ်ပေါ်မှာ အစားအသောက်ယူဆောင်စားသောက်ခွင့်မပေးပါဘူး။ ခွဲစိတ်ခန်း ပါရှိတာကြောင့် ပိုးမွှားကင်းစင်သန့်ရှင်းမှုအတွက် အထူးအလေးဂရုပြုကြရပါတယ်။

### လက်တွေ့ခွဲစိတ်

ကျွန်မကတော့ အင်္ဂါနဲ့ ဗုဒ္ဓဟူး နှစ်ရက် လေယာဉ်ပေါ်တက်ခွင့်ရခဲ့ပါတယ်။ ပထမနေ့မှာ မျက်စိစွေစောင်းကလေးငယ်ရဲ့ မျက်စိနှစ်ဖက်လုံး ခွဲစိတ်တာကို တွေ့မြင်ခဲ့ရတယ်။ ရေတိမ်ရောဂါခွဲစိတ်ကုသမှုရဲ့ နောက်ဆုံးပေါ်ကုထုံးဖြစ်တဲ့ လမ်းလွှဲပစ္စည်း(shunt)ထည့်ပြီး လက်တွေ့ခွဲစိတ်ပြတာကို ကြည့်ရှုခဲ့ရတယ်။ ညနေပိုင်းမှာလည်း ရေတိမ်ရောဂါလူနာတွေကို ဆက်ပြီးခွဲစိတ်ကြပါတယ်။ နံနက် ၉ နာရီမှာ ကျွန်မတို့ကို လေယာဉ်ပေါ် စတင် တက်ခွင့်ပေးပါတယ်။ မွန်းလွဲ ၁ နာရီအထိ လူနာ နှစ်ယောက်၊ ညနေပိုင်းမှာ နှစ်ယောက်ဆိုတော့ တစ်ပတ်လုံးမှ လူနာ ၂၀ လောက်ပဲ ခွဲစိတ်နိုင်တာဖြစ်လို့ နိုင်ငံတစ်နိုင်ငံအတွက် မထိရောက်ဘူးလို့ ထင်မှတ်စရာ ဖြစ်ပါတယ်။

ဒါပေမယ့် "အောဘစ်"ရဲ့ အဓိကဦးတည်ချက် အစစ်အမှန်က မျက်မမြင်ရောဂါကာကွယ်ရေးနဲ့ မျက်စိရောဂါပညာပြန့်ပွားအောင် သင်ကြားရေးသာဖြစ်လို့ ဘွဲ့လွန်သင်တန်းသားတွေနဲ့ မျက်စိရောဂါအထူးပြုဘာသာရပ်တစ်ခုချင်းစီကို ဆက်လက်သင်ယူတက်ရောက်နေဆဲသူတွေအတွက် အဓိကထား ပညာပေးဖို့ဖြစ်ပါတယ်။ လေယာဉ်ပေါ်ရောက်တာနဲ့ စာစသင်ပါတယ်။

စာသင်နေရင်းနဲ့ ခွဲစိတ်ခန်းစတော့မယ်ဆိုတာ အချက်ပေးမီးလင်းလာတော့ ချက်ချင်းစာသင်တာကို ရပ်တယ်။ တီဗွီဖန်သားပြင်မှာ ခွဲစိတ်ခန်းက ပုံရိပ်တွေ ပေါ်လာတယ်။ ခွဲစိတ်ခန်းထဲက ခွဲမယ့်ဆရာဝန်နဲ့ စာသင်ခန်းထဲကဆရာတို့ အပြန်အလှန် နှုတ်ခွန်းဆက်ပြီး စတင်ခွဲစိတ်နေတာကို ပြသပါတယ်။ ကျွန်မတို့ကို သရီးဒီမျက်မှန်လေးတွေပေးထားတော့ ကိုယ်ကိုယ်တိုင် ခွဲစိတ်နေရသလို လူနာရဲ့မျက်လုံးက ကိုယ့်ရှေ့ကိုရောက်လာတယ်။ တစ်စုံတစ်ရာ မရှင်းလင်းတာရှိရင် ခွဲစိတ်နေတဲ့ဆရာဝန်ကို တိုက်ရိုက်မေးလို့ရတယ်။

ခွဲစိတ်မှုတစ်ခုပြီးသွားလို့ နောက်တစ်ယောက်ခွဲဖို့ ပြင်ဆင်နေတဲ့အချိန်မှာ ခွဲခန်းနဲ့ ချိတ်ဆက်ထားတဲ့လိုင်းကို ဖြုတ်တယ်။ ပါဝါပွိုင့်နဲ့စာသင်တဲ့အပိုင်းကို ပြန်ဆက်တယ်။ စောစောကရပ်ထားတဲ့နေရာကနေ ပြန်ဆက်တယ်။

စာမျက်နှာ ၁၆ သို့ ■

■ စာမျက်နှာ ၁၅ မှ

တစ်ချက်လေးမှမနားဘဲ မွန်းလွဲ ၁ နာရီခွဲမှာမှ နေ့လယ်စာစားဖို့လွှတ်ပေးတယ်။ လေဆိပ်ထဲမှာပဲ နေ့လယ်စာစားရပါတယ်။ ပြီးတာနဲ့ မွန်းလွဲ ၂ နာရီမှာ လေယာဉ်ပေါ် အဖွဲ့လိုက်တစုတစည်းတည်း ပြန်တက်ကြရတယ်။ ညနေ ၅ နာရီအထိ စာတွေ့၊ လက်တွေ့သင်ကြားကြတယ်။ စာတွေ့သင်ကြားတော့လည်း သင်ခန်းစာမစမီမှာ ကြိုတင်စစ်ဆေးမှုမေးခွန်းတွေ ဖြေရပါတယ်။ တစ်ယောက်ချင်းစီကို ရီမုတ်ကွန်ထရိုးလေးတွေပေးထားပြီး အဖြေမှန်ကို ရွေးချယ်နှိပ်ပေးရပါတယ်။ ကျွန်မတို့အဖြေတွေကို ဘားဂရပ်လေးတွေနဲ့ ပြပေးတယ်။ သင်ခန်းစာတစ်ခု သင်ပြီးတော့မှ အဲဒီမေးခွန်းကိုပဲ ထပ်မံဖြေခိုင်းပါတယ်။ အဲဒီအဖြေနှစ်ခုက ကွာဟလေတော့ မူလကတည်းက ဝမ်းစာပြည့်နေကြတဲ့ မြန်မာမျက်စိဆရာဝန်တွေပါလို့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေမိတယ်။

### အသေးစိတ်ရှင်းလင်းပြသ

နောက်တစ်နေ့ ဗုဒ္ဓဟူးနေ့မှာတော့ မျက်ကြည်လွှာရောဂါနဲ့ အတွင်းတိမ်ပူးတွဲရှိနေတဲ့လူနာကို ခွဲစိတ်ပါတယ်။ ပထမဦးစွာ အတွင်းတိမ်ကို အသံလွန်လှိုင်းနဲ့ ခြေမွစုပ်ထုတ်တဲ့နည်းနဲ့ ခွဲစိတ်ပါတယ်။ ပြီးမှ မျက်ကြည်လွှာရဲ့ အလွှာ ငါးလွှာရှိတဲ့အနက်က စတုတ္ထအမြှေးပါးကို အစားထိုးလဲလှယ်ခွဲစိတ်မှုကို လုပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ရေတိမ်ရောဂါရဲ့သဘောသဘာဝ၊ ဆေးဝါးဖြင့်ကုသမှု၊ လေဆာကုသမှု၊ ခွဲစိတ်ကုသမှုတွေကို စာတွေ့သင်ကြားပါတယ်။ ဆီးချိုရောဂါကြောင့် မြင်လွှာ ယိုယွင်းပျက်စီးခြင်းကို လေဆာဖြင့် ကုသခြင်း၊ ဆေးထိုးပြီး ကုသခြင်း စသဖြင့် အသေးစိတ်ရှင်းလင်းပြသပါတယ်။

ပညာဆိုတာကတော့ အသက်ကြီးသည်၊ ငယ်သည် မဟူ လေ့လာသင်ယူဆည်းပူးနေကြရမှာပဲဖြစ်ပါတယ်။ တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ်၊ တစ်ခေတ်ထက်တစ်ခေတ် ရှေ့ကိုသာ တိုးတက်ဆန်းသစ်ခေတ်မီနေတဲ့ နည်းပညာတွေကို ကျွန်မတို့ အမီလိုက်ကြရပါမယ်။ လေယာဉ်ကြီးပေါ်မှာ သူတို့တစ်တွေ လက်တွေ့ခွဲစိတ်ပြသတာတွေကိုကြည့်ရတဲ့အခါ တစ်နေရာမဟုတ်တစ်နေရာ၊ တစ်ခုမဟုတ်တစ်ခု အတုယူစရာတွေပါ ရှိနေပါတယ်။

စနစ်ကျတယ်၊ အကွက်စေ့တယ်၊ အချိန်လေးစားကြတယ်၊ အချိန်ကို တန်ဖိုးထားတယ်၊ တစ်မိနစ်စာတောင် အလေအလွင့်အဖြစ်မခံဘူး။ ပြတ်သားတိကျတယ်၊ နိုင်ငံတကာ အတွေ့အကြုံကောင်းတွေနဲ့ ကောင်းစွာလေ့ကျင့်ထားတဲ့ သူတွေကို တွေ့ဆုံမြင်တွေ့ခွင့်ရတာကြောင့်လည်း အားကျ ကျေနပ်မိရတယ်။

"အောဘစ်" လေယာဉ်ကြီးပေါ်မှာ ခွဲစိတ်ဖို့ ဦးစားပေးရွေးချယ်တဲ့လူနာတွေကတော့ ဆင်းရဲနွမ်းပါးတဲ့သူ၊ မျက်စိစုံလုံးမမြင်သူ၊ သူတို့ခွဲစိတ်ကုသရင် မုချအောင်မြင်ဖို့ အခွင့်အလမ်းရှိမယ့်သူ၊ မြန်မာမျက်စိဆရာဝန်တွေနဲ့ ဘွဲ့လွန်သင်တန်းသားတွေကို လက်တွေ့ခွဲစိတ်ပြသဖို့ နမူနာကောင်းဖြစ်နိုင်တဲ့ ရောဂါမျိုးရှိသူတွေကိုပဲ ဦးစားပေးရွေးချယ်ပါတယ်။

### မြန်မာဆရာဝန်ကြီးတွေလည်း ကုသပေးနိုင်

ဒါကြောင့် "အောဘစ်"အဖွဲ့နဲ့ လေယာဉ်ကြီးပေါ်မှာ မျက်စိခွဲချင်ပါတယ်၊ ဘယ်သူ့ဆီကို အပ်ရမလဲ၊ ဘယ်လောက်အကုန်ခံရမလဲဆိုတဲ့ မေးခွန်းမျိုးကိုဖြေဆိုဖို့ မလိုတော့ဘူးထင်ပါတယ်။ တချို့လူနာတွေရဲ့ရောဂါတွေက မြန်မာဆရာဝန်ကြီးတွေလည်း ကုသပေးနိုင်ပါတယ်။ တချို့ ရောဂါတွေကတော့ မြန်မာဆရာဝန်တွေလည်း ကုသလို့မရသလို "အောဘစ်"နဲ့ တခြားကမ္ဘာ့ဆေးသိပ္ပံပညာရှင်တွေ ကုသလို့မရနိုင်တဲ့ ရောဂါမျိုးတွေဖြစ်ပါတယ်။ ကျွန်မကို လူနာတစ်ယောက်က မေးပါတယ်။ မွေးရာပါ မျက်စိပါမလာတဲ့ သူမရဲ့သားငယ်အတွက် သူမမျက်လုံးကို ထုတ်ပေးချင်ပါတယ်။ လေယာဉ်ကြီးပေါ်မှာ ခွဲပေးလို့ရမလားလို့ မေးတော့ သေသေချာချာ ရှင်းပြရပါတယ်။ မိခင်မေတ္တာကို နားလည်မိပေမယ့် မွေးကတည်းက မျက်လုံးပါမလာတာတော့ သမားလည်း မကယ်နိုင်၊ ခေတ်မီမျက်စိဆေးပညာလည်း မကယ်နိုင်ပါဘူး။ အဲဒီလို အတိတ်ကံနာ ဝဋ်နာမျိုးနဲ့ မိခင်ဝမ်းဗိုက်ထဲမှာရှိစဉ် သန္ဓေသားဘဝကတည်းက ချွတ်ယွင်းချက်ရှိလာတဲ့ရောဂါမျိုးကိုတော့ ကုသလို့ မရနိုင်ကြောင်း ရှင်းပြရပါတယ်။

> **"အောဘစ်" လေယာဉ်ကြီးပေါ်မှာ ခွဲစိတ်ဖို့ ဦးစားပေး ရွေးချယ်တဲ့လူနာတွေကတော့ ဆင်းရဲနွမ်းပါးတဲ့သူ၊ မျက်စိစုံလုံးမမြင်သူ၊ သူတို့ခွဲစိတ်ကုသရင် မုချ အောင်မြင်ဖို့ အခွင့်အလမ်းရှိမယ့်သူ၊ မြန်မာမျက်စိ ဆရာဝန်တွေနဲ့ ဘွဲ့လွန်သင်တန်းသားတွေကို လက်တွေ့ခွဲစိတ်ပြသဖို့ နမူနာကောင်းဖြစ်နိုင်တဲ့ ရောဂါမျိုးရှိသူတွေကိုပဲ ဦးစားပေးရွေးချယ်**

ကျွန်မအနေနဲ့တော့ လေယာဉ်ကြီးရဲ့ခွဲစိတ်ခန်းထဲ ဝင်ခွင့်မရှိလို့ ခွဲစိတ်ခန်းအတွင်း မြင်ကွင်းအခြေအနေကို ပုံဖော်မပြနိုင်ပါဘူး။ အပြင်စာသင်ခန်းမှာပဲ နေရတာဖြစ်လို့ စာသင်ခုံမှာ ထိုင်ပြီး မျက်တောင်မခတ်တမ်း၊ နားရွက်မခတ်တမ်းဆိုသလို သူတို့ပြောသမျှ၊ သူတို့ပြသမျှ မလွတ်တမ်း ကြည့်ဖြစ်ခဲ့ပါတယ်။

ဒီတစ်ခေါက်မှာတော့ "အောဘစ်" လေယာဉ်ကြီးပေါ်မှာ အမေရိကန်နိုင်ငံမှ မျက်စိအထူးကုဆရာဝန် ၃၈ ဦးနဲ့ လေယာဉ်အဖွဲ့သား ခုနစ်ဦး ပါဝင်ပါတယ်။ ရေတိမ်ရောဂါကို သင်ကြား၊ ခွဲစိတ်ပေးသူကတော့ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား စတန်းဖို့ဒ်တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာရောဘတ်ချန်း၊ ကလေးသူငယ်မျက်စိရောဂါ၊ မျက်စိစွေစောင်းရောဂါ သင်ကြား၊ ကုသပေးသူ မိချီဂန်တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာမွန်တီ၊ မျက်ကြည်လွှာရောဂါအမျိုးမျိုး အတွက် ဒေါက်တာဂျိမ်းစ်(တက္ကဆက်ကျန်းမာရေးသိပ္ပံစင်တာတက္ကသိုလ်)၊ မျက်စိမြင်လွှာဆိုင်ရာ ရောဂါအတွက် ဒေါက်တာဂျာဗီယာ(ကိုလံဘီယာတက္ကသိုလ်)၊ မေ့ဆေးဆရာဝန်ကြီးတွေဖြစ်ကြတဲ့ ဒေါက်တာမာခ်ဂန်းနှင့် ဒေါက်တာနာသန်(တက္ကဆက်ပြည်နယ်တက္ကသိုလ်)နှင့် သူနာပြုအဖွဲ့များ ပါဝင်ခဲ့ကြပါတယ်။

### ၁၉၇၉ ခုနှစ်ကတည်းက ပူးပေါင်းပါဝင်

"အောဘစ်"လေယာဉ်ကြီးရဲ့စာသင်ခန်းနံရံမှာ ALCON ဖောင်ဒေးရှင်းက ကူညီပံ့ပိုးသည်လို့ရေးထားတာ တွေ့ရပါတယ်။ ALCON ဖောင်ဒေးရှင်းအနေနဲ့လည်း "အောဘစ်" အဖွဲ့အစည်းနဲ့ပူးပေါင်းပြီး ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ပြည်သူတွေရဲ့ အမြင်အာရုံတိုးတက်ဖို့ ကူညီဆောင်ရွက်ခဲ့တာ နှစ် ၄၀ ကျော်ခဲ့ပြီလို့ဆိုပါတယ်။ "အောဘစ်"ရဲ့ ပထမဆုံး လေယာဉ်ဆေးရုံကြီးစီမံကိန်းမစတင်မီ ၁၉၇၉ ခုနှစ်ကတည်းက ပူးပေါင်းပါဝင်ခဲ့တာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်ကတည်းက လေယာဉ်ဆေးရုံကြီးနဲ့ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နှီးနွယ်ဆေးရုံတွေကို မျက်စိနဲ့ သက်ဆိုင်တဲ့ ဆေးပစ္စည်းကိရိယာတွေ၊ ဆေးဝါးနဲ့အခြား အထောက်အပံ့တွေ လှူဒါန်းခဲ့သလို ALCON မှ ကျွမ်းကျင်ပညာရှင်များ၊ အင်ဂျင်နီယာများက သင်တန်းပေးခြင်း၊ စက်ပစ္စည်းကိုင်တွယ်ပုံနဲ့ ပြုပြင်ထိန်းသိမ်းရန် နည်းလမ်းများ မျှဝေခြင်းတွေ ပြုလုပ်ပေးလျက်ရှိပါတယ်။

နောက်တစ်ပတ်မှာတော့ မျက်ခွံနှင့် မျက်ရည်လမ်းကြောင်းဆိုင်ရာရောဂါများ၊ မြင်လွှာရောဂါဆိုင်ရာ၊ အာရုံကြောရောဂါဆိုင်ရာ အသိပညာတွေ မျှဝေပေးသွားမှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့တော့ မန်းမြေမှာ သုံးရက်တာ လာရောက်ခွင့်ရလိုက်တာ အကျိုးများလှပါတယ်။ ဘွဲ့လွန်သင်တန်းတက်ရောက်နေကြတဲ့ သားငယ် သမီးငယ်တွေအတွက်လည်း အလွန်ရခဲတဲ့အခွင့်အရေးကောင်းတစ်ခုဖြစ်ပါတယ်။ အခုလိုလာရောက်ဖို့ ကျွန်မကို ကူညီပေးကြတဲ့ မန္တလေးမျက်စိ၊ နား၊ နှာခေါင်းဆေးရုံကြီးမှ ပါမောက္ခများနဲ့ တာဝန်ခံမျက်စိဆရာဝန်ကြီးများကို အထူးကျေးဇူးတင်မိရပါတယ်။

### အမှတ်တရနေ့ရက်တွေဖြစ်

မန္တလေးရောက်ခိုက် လေယာဉ်ကြီးပေါ်မှာ လေ့လာလိုက်၊ ညနေစောင်းတာနဲ့ မန္တလေးမြို့အနှံ့ လျှောက်လည်လိုက်၊ ဘုရားတွေ ဖူးလိုက်နဲ့ အမှတ်တရနေ့ရက်တွေဖြစ်ခဲ့ရပါတယ်။ ညနေခင်းနေဝင်ရီတရောမှာ မန္တလေးမြို့ရဲ့ ကျုံးမြို့ရိုးအလှတွေကို ခံစားတယ်။ ဘယ်ပန်းချီရေးလို့မမီနိုင်အောင် မီးရောင်စုံနဲ့ လင်းလက်လှပ၊ သန့်ရှင်းသပ်ရပ်၊ စည်းကမ်းကျနနေတဲ့ မန္တလေးမြို့ရဲ့ရှုခင်းတွေကို လိုက်ပြပြီး လမ်းကြို လမ်းကြားမကျန် အနှံ့လိုက်ပို့ခဲ့တဲ့ ကိုဇော်မိုး(ဝိဇ္ဇာတာရုံကျောင်း)နဲ့ ကားဆရာ ကိုကင်းတို့ကို ကျေးဇူးတင်မိတယ်။ ကားပေါ်မှာ သူတို့မန္တလေးမြို့ကြီး ဘယ်လောက်လှကြောင်း အလှအယက်ပြောကြ၊ ကြွားကြတယ်။ မြို့တော်ဝန်ကြီးရဲ့ ကြိုးစားအားထုတ်မှုတွေ၊ ကျုံးဘေးမှာ အစီအရီစိုက်ထားတဲ့ "သပြေဘူတ"ဆိုတဲ့ အပင်ဆင်တူတွေအကြောင်း၊ အရင်က လမ်းကျဉ်းတွေက အခုတော့ လမ်းကျယ်တွေဖြစ်ကုန်ကြောင်း၊ မြို့လူထုက ညီညွတ်ကြတဲ့အကြောင်း၊ အမှိုက်ကင်းစင်သန့်ရှင်းနေတဲ့ အကြောင်းတွေနဲ့ အသစ်ဖွင့်လှစ်ထားတဲ့ " အမေစုလမ်း" အထိ ရောက်အောင်မောင်းပို့ကြတယ်။

"Seeing is Believing" ဆိုတဲ့အတိုင်း လူ့သဘာဝဆိုတာကလည်း "မြင်မှယုံ"တာကိုး။ ဒီတော့လည်း လက်တွေ့မှာ အဘက်ဘက်က တိုးတက်ပြောင်းလဲသစ်လွင်နေတဲ့ မန္တလေးရွှေမြို့တော်ကြီးရဲ့အလှအပတွေကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရပြီး တဝကြီး ခံစားလိုက်ရတာကြောင့် မန္တလေးရဲ့ အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူအားလုံးအတွက် ဂုဏ်ယူမိရင်း မန်းမြေမှာ သုံးရက်တာ "အောဘစ်" လေယာဉ်ကြီးပေါ်မှ မြင်ကွင်းအတွေ့အကြုံများကို မျှဝေခံစားတင်ပြလိုက်ရပါကြောင်း။ ။



## ရန်ကုန်-သန်လျင် အမှတ် (၁) တံတား သန်လျင်ဘက်ခြမ်း ချဉ်းကပ်လမ်း ကတ္တရာကွန်ကရစ် (AC) ခင်း

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်-သန်လျင် အမှတ် (၁) တံတား ချဉ်းကပ်လမ်း အတက်/အဆင်းအား ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်) လမ်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် စက်တင်ဘာ ၂၉ ရက်က ကတ္တရာကွန်ကရစ် (AC) ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့မြင်ရသည်။

ရန်ကုန်-သန်လျင် ချဉ်းကပ်လမ်း တစ်ဖက်လျှင် အရှည်ပေ ၁၀၀၀၊ အကျယ် ၂၂ ပေစီအား ကတ္တရာကွန်ကရစ် (AC)လမ်းအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သန်လျင်မြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ခင်ဝင်းထံမှ သိရသည်။

**သက်ခိုင်(သန်လျင်)**

## မြန်မာနိုင်ငံတွင် အမေရိကန်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂**

အမေရိကန်နိုင်ငံ US–ASEAN Business Council နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် အမေရိကန်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်းသည့် “Business Meeting with US–ASEAN Business Council Delegation” ဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်ရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၌ အမေရိကန်ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လုပ်ဆောင်သွားကြမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရေး၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ ပေါ်ထွက်လာသော ဈေးကွက်ကို ရင်ပေါင်တန်းနိုင်ရေး၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အတူ တယ်လီကွန်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ လက်ကားရောင်းချခြင်းနှင့် ဖြန့်ချိရေးလုပ်ငန်းများကို အလျင်အမြန်တိုးတက်စေချင်ကြောင်း အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များက ဆွေးနွေးခဲ့ကြပြီး ဒစ်ဂျစ်တယ်နည်းပညာရပ်ဆိုင်ရာများ၊ မော်တော်ကားလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စား လုပ်ငန်းဆိုင်ရာများတွင်လည်း အမေရိကန်စီးပွားရေးလုပ်ငန်းများ ပိုမိုပါဝင်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

US–ASEAN Business Council မှ President & CEO ဖြစ်သူ Mr. Alexander C. Feldman က “အဓိကကတော့ ရင်းနှီးမြှုပ်နှံမှုကိုတိုးမြှင့်ဖို့ပါ။ အမေရိကန်ကုမ္ပဏီ အများအပြားလည်း ပါပါတယ်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုရော၊ ပူးပေါင်းဆောင်ရွက်မှုများပါ တိုးမြှင့်လုပ်ဆောင်သွားကြမှာပါ”ဟု ပြောသည်။

ဆွေးနွေးပွဲသို့ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr.Scot Marciel၊ အမေရိကန်စီးပွားရေးကုမ္ပဏီများဖြစ်ကြသော Abbott၊ Amazon၊ Bower Group Asia၊ Chevron၊ Chubb၊ Coca–Cola၊ Diageo၊ Ford၊ Google၊ Jhpiego၊ MasterCard၊ Visa တို့မှ လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**ကိုပေါက်**

## ကမ္ဘာ့ဆရာများနေ့ အကြိုပုံတူပန်းချီဆွဲပြိုင်ပွဲ ပြုလုပ်

**ဖန်းမောက် အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book club) အဖွဲ့တို့ပူးပေါင်း၍ ကမ္ဘာ့ဆရာများနေ့ အကြိုပုံတူပန်းချီဆွဲပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက မြို့နယ် ပြန်/ဆက် ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့သည်။

မြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ ဦးလှထွန်းက မြို့နယ်ပြန်/ဆက် ဦးစီးဌာနနှင့် ပူးပေါင်းပြီးဆောင်ရွက်ပေးရခြင်းမှာ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူလေးများ ပညာရည်မြင့်မားလာစေရန်၊ ပြိုင်ပွဲများရဲ့ အတွေ့အကြုံများမှ အလေ့အကျင့်ကောင်းများ ရရှိမှာဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်စာပေချစ်သူများအဖွဲ့ဝင် ဦးချစ်ဆွေက အောက်တိုဘာ ၅ ရက်တွင် ကြရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆရာ ဟူသည်မှာ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။

အောက်တိုဘာ ၅ ရက်တွင်ကြရောက်မည့် ကမ္ဘာ့ဆရာများနေ့ အကြိုပုံတူပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၅၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများကို မြို့နယ်မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဖန်းမောက်)**

# မြန်မာ-တရုတ်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးပွဲတော်တွင် မြန်မာအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်

**မူဆယ် အောက်တိုဘာ ၂**

တရုတ်နိုင်ငံ ရွှေလီမြို့တွင် အောက်တိုဘာ ၂ ရက်မှ ၇ ရက်အထိ ကျင်းပသည့် (၁၉) ကြိမ်မြောက် မြန်မာ-တရုတ်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးပွဲတော်၌ အားကစားပြိုင်ပွဲပေါင်း ၁၅ မျိုး ကျင်းပမည်ဖြစ်ပြီး နယ်စပ်ဖြတ်ကျော် အပျော်တမ်းတောင်တက်စက်ဘီးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားသမား ၁၀၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်း မူဆယ်မြို့ အားကစားနှင့်ကာယပညာဦးစီး ဌာနမှသိရသည်။

အဆိုပါ နယ်စပ်ဖြတ်ကျော် အပျော်တမ်းတောင်တက်စက်ဘီးစီးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျား ၈၆ ဦးနှင့် မ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

နယ်စပ်ဖြတ်ကျော် အပျော်တမ်းစက်ဘီးစီးပြိုင်ပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၆ နာရီတွင် တရုတ်နိုင်ငံ ရွှေလီမြို့မှ စတင်ထွက်ခွာပြီး ရွှေလီမြို့မှ မူဆယ်မြို့၊ မူဆယ်မြို့မှတစ်ဆင့် ရွှေလီမြို့သို့ ပန်းဝင်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားသမားများမှာ အခမဲ့ဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး တရုတ်နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားသမားများမှာ ဝင်ကြေး တရုတ်ငွေ ယွမ် ၂၀၀ ပေးသွင်းရကြောင်း သိရသည်။

"မူဆယ်မြို့ အားကစားနှင့် ကာယပညာဦးစီးဌာနက အားကစားသမားတွေနေထိုင်ရေးကို စီစဉ်ပေးပါတယ်" ဟု မူဆယ်မြို့ အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်အားကာဦးစီးအရာရှိ ဒေါ်မျိုးပပက ပြောသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဟောင်ပါမြို့တွင် ကျင်းပသည့်ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးပွဲတော်၌ တစ်ခုအပါအဝင်ဖြစ်သည့် တောင်တက်အားကစားပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံဘက်မှ တောင်တက်အားကစားသမား ၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်သည်။

ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားသမားများသည် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**ဆလိုင်းဇန်ရိုးထန် (ပြန်/ဆက်)**



# ရေနံချက်ဖိုများထင်းအသုံးမပြုစေရေး အလေးထားဆောင်ရွက်

**စစ်ကိုင်း အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိဒေသန္တရရေနံချက်ဖိုများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ထင်းလုံးဝအသုံးမပြုစေရေး အလေးထားဆောင်ရွက်နေကြောင်း တိုင်းဒေသကြီးချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်းက ပြောကြားသည်။

"စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ဒေသန္တရရေနံချက်ဖိုတွေကို တရားဝင်လိုင်စင်လျှောက်ထားလုပ်ကိုင်စေပြီး ထင်းအစားထိုးလောင်စာဖြစ်တဲ့ လောင်စာတောင့် ဒါမှမဟုတ် Bunner (ဘိတ်ချေးရည်) နဲ့ ချက်လုပ်စေပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဖို့ ထင်းလုံးဝအသုံးမပြုစေရေး အလေးထားဆောင်ရွက်နေပါတယ်။ သက်ဆိုင်ရာ လုပ်ငန်းရှင်ကုမ္ပဏီတွေကိုလည်း ညွှန်ကြားချက်တွေ ထုတ်ပြန်ဆောင်ရွက်ထားပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီး ဦးလာလ်ထောင်ထန်းက ဆက်လက်ပြောကြားသည်။

ဇူလိုင်လကုန်အထိ ကောက်ယူထားသောစာရင်းများအရ Bunner System ဖြင့် ဒေသန္တရရေနံချက်လုပ်နေသော လုပ်ငန်းရှင် ၅၈ ဦး၊ ချက်ဖို ၁၅၃ ဖိုတွင် တပ်ဆင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ် ကျောက်ကာမြောက်ရွာဒေသနှင့် စည်သာလေးရွာတို့တွင် လိုင်စင်ရရေနံချက်ဖိုလုပ်ငန်းရှင် ၁၃၆ ဦး၊ လျှောက်ထားဆဲလုပ်ငန်းရှင် ၂၅ ဦး၊ ဖန်ခါးကျင်းရွာတွင် လိုင်စင်ရနှစ်ဦးနှင့် လျှောက်ထားဆဲ ၁၁ ဦး၊ ဘုတလင်မြို့နယ် လက်ပံရွာတွင် လျှောက်ထားဆဲသုံးဦးတို့က ဒေသန္တရ ရေနံချက်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"ရေနံချက်လုပ်ခွင့်လိုင်စင်ရဖို့ ဆောင်ရွက်ရာမှာ ထင်းအစားထိုးလောင်စာဖြစ်တဲ့ လောင်စာတောင့်နဲ့ ရေနံဘိတ်ရည်ကို လောင်စာအဖြစ်သုံးပြီး Bunner နဲ့ ချက်လုပ်ဖို့ အသိပညာပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီး ဦးလာလ်ထောင်ထန်းက ရှင်းပြသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ပုဂံဒေသ ရေရှည်တည်တံ့ရေး အသိပညာပေးရန်လိုအပ်

**ရန်ကုန် အောက်တိုဘာ ၂**

ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ပုဂံဒေသရေရှည်တည်တံ့ရေးအတွက် လာရောက်လည်ပတ်ကြသည့် ခရီးသွားများအားဆောင်ရန် ရှောင်ရန်အချက်များကို အသိပညာပေးရန်လိုအပ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောကြားသည်။

ထိုသို့ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသ ပုဂံ ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများသာမက ဒေသခံများ၏ပူးပေါင်းဆောင်ရွက်မှုမှာလည်း အားနည်းနေကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောကြားသည်။

လက်ရှိ ပုဂံဒေသတွင် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းခဲ့သည့်အချိန်အထိ ရှေးဟောင်းအဆောက်အအုံပေါင်း ၃၈၂၂ ခုရှိကြောင်း ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ထပ်မံပြောကြားသည်။ ယခုနှစ်တွင် လက်ရှိအချိန်ထိ ပုဂံဒေသသို့ ကမ္ဘာလှည့်ခရီးသွား လေးသိန်းခန့် ဝင်ရောက်ထားပြီးဖြစ်ကြောင်း သိရသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးအတွက် သတိပေးနိုးဆော်ချက်များ ထုတ်ပြန်ထားသည်။

**ငြိမ်းငြိမ်း**

# မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် ခန့်အပ်ခြင်းခံရသော သားဖွားဆရာမ(သစ်လွင်)ကြိုဆိုပွဲနှင့် လုပ်ငန်းခွင်အကြို (ပြည်နယ်အဆင့်) သင်တန်းဖွင့်

**စစ်တွေ အောက်တိုဘာ ၂**

သားဖွားဆရာမများ လုပ်ငန်းခွင်တွင်အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၌ တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခြင်းခံရသော သားဖွားဆရာမ (သစ်လွင်) ကြိုဆိုပွဲနှင့် လုပ်ငန်းခွင်အကြို (ပြည်နယ်အဆင့်) သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်က သင်တန်းသူများအနေဖြင့် သင်တန်း ဆရာ ဆရာမများက သင်ကြားပို့ချပေးမှုများအား နားလည်သဘောပေါက်အောင် အာရုံစိုက်သင်ယူစေလိုကြောင်း၊ သင်တန်းဆရာ ဆရာမများနှင့် အပြန်အလှန်မေးမြန်းကာ ကျန်းမာရေးပညာရပ်များ တတ်မြောက်အောင် သင်ယူစေရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် သားဖွားဆရာမ (သစ်လွင်) များက တာဝန်ကျရာမြို့နယ်အလိုက် မိတ်ဆက်ကြပြီး သားဖွားဆရာမ (သစ်လွင်) များကိုယ်စား ဆရာမတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

သင်တန်းတွင် သားဖွားပညာ၊ ပြည်သူ့ကျန်းမာရေးပညာ စသည့်ဘာသာရပ်များကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာ ဆရာမများက သင်တန်းသူ ၆၈ ဦးတို့ကို အောက်တိုဘာ ၁ ရက်မှ ၁၂ ရက်ထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပြီး ရခိုင်ပြည်နယ်အတွင်းရှိ မင်းပြားမြို့နယ်မှအပ ကျန်မြို့နယ် ၆၈ မြို့နယ်ရှိ ကျန်းမာရေးဌာနခွဲများတွင် တာန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ကော့သောင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ကော့သောင်း အောက်တိုဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက ကော့သောင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်သည် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ စည်ပင်သာယာရေးအဖွဲ့အင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်ရှိ နန္ဒဝန်ဈေးနှင့် ရွှေပြည်သာရပ်ကွက် ဈေးတည်ဆောက်ရေးလုပ်ငန်းခွင်များသို့ ရောက်ရှိပြီး လုပ်ငန်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ သီရိမြိုင်ရပ်ကွက်တွင် တည်ဆောက်လျက်ရှိသည့် သုံးမိုင်ပြည်သူ့ရင်ပြင်မြေထိန်းနံရံ ကျောက်တန်းစီခြင်းလုပ်ငန်းခွင်နှင့် သုံးမိုင်ကြို့ဆိုပါ၏နေရာအား အများပြည်သူအနားယူအပန်းဖြေနိုင်ရေး မွမ်းမံပြင်ဆင်မှုလုပ်ငန်းခွင်များသို့ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ကျော်စိုး(ကော့သောင်း)**

# (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြု



**ရန်ကုန်**
(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်ပတ်လည်အထိမ်းအမှတ် ဂုဏ်ပြုပွဲတွင် လှိုင်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များအား ပြည်သူများသိရှိနိုင်ရေးအတွက် သတင်းမီဒီယာကဏ္ဍဖြင့် ကူညီဆောင်ရွက်ပေးခဲ့သော မမီးမီး(လှိုင်) အား မြို့မရဲစခန်းမှူး ဒု-ရဲမှူးသိန်းဆွေမြင့်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။ **ကြေးမုံ**




**ရန်ကုန်**
(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့မရဲစခန်း၌ ကျင်းပသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆင်မင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ၊ စောရန်ပိုင်အရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဌေးဝင်း၊ အရန်မီးသတ်တပ်ခွဲမှူး ဦးလှမိုးနှင့် သွေးလှူရှင်ရဲတပ်ဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများကို ပေးအပ်သည်။ **မောင်ဦး (အလုံ)**




**ဟသ္သာတ**
(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် ညနေ ၄ နာရီက ဟသ္သာတခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်း၌ ကျင်းပသည်။

ရဲတပ်ဖွဲ့ဝင်များနှင့်အတူ စွမ်းစွမ်းတမံ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တို့အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ရီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးထိန်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုကိုဦးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။
**ကျော်ကျော်(ဟသ္သာတ)**

**ရမည်းသင်း**
မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း (ရမည်းသင်း) အဝေးရာခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက်ပိုင်းကကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦးထံမှ ပေးပို့သော (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို ကျောင်းအုပ်ကြီးရဲမှူးကြီး စိုးလွင်မိုးက ဖတ်ကြားသည်။

ထို့နောက် အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းမှ အငြိမ်းစားယူသွားသော ရဲတပ်ဖွဲ့ဝင် ၁၂ ဦးအား အမှတ်တရလက်ဆောင်ပေးအပ်ခြင်း၊ သန္ဓေတပ်ဖွဲ့ဝင်များအား အားကစားဝတ်စုံ(ထရက်ဆု)နှင့် အမှတ်တရ မှတ်စုစာအုပ်၊ သော့ချိတ်တွဲများ ထောက်ပံ့ပေးအပ်ခြင်း၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ မွေးမြူရေးအကောင်းဆုံးဆု၊ စိုက်ပျိုးရေး အကောင်းဆုံးဆု၊ နေအိမ်လိုင်းခန်းသန့်ရှင်းရေးဆုရရှိသူ ခုနစ်ဦးတို့အား ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ **မြို့နယ်(ပြန်/ဆက်)**

# မုံရွာမြို့ပေါ်၌ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်

**မုံရွာ အောက်တိုဘာ ၂**
မုံရွာမြို့ပေါ်တွင် မှုခင်းများမဖြစ်ပွားရေး မှုခင်းကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ပေါင်းစုံဖြင့်ပိတ်ဆို့ရှာဖွေခြင်း၊ မော်တော်ယာဉ် ဆိုင်ကယ်များဖြင့် လှည့်ကင်းဆောင်ရွက်ခြင်းများ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ မှုခင်းများအတန်အသင့်ကျဆင်းသွားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်ထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက ရဲတပ်ဖွဲ့အတွက် လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ရာမှာ လိုအပ်တဲ့ရောင်ပြန်အင်္ကျီအထည် ၁၅၀၊ ဓာတ်မီးအလက် ၁၈ လက်၊ Icon Phone ၃၅ လုံး၊ လှိုင်းနှုန်းဖြတ်စက် JUMMER နှစ်လုံး၊ မုံရွာမြို့ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့ ရှေ့ပြေးမော်တော်ဆိုင်ကယ် အသံချဲ့စက်နဲ့ ဆက်စပ်ပစ္စည်းတွေကို ပံ့ပိုးပေးထားပါတယ်"ဟု ရဲမှူးကြီးဝင်းကြည်က ပြောကြားသည်။

"ပြစ်မှုကျူးလွန်သူတွေဟာ များသောအားဖြင့် လိုင်စင်မဲ့ကားတွေ၊ ဆိုင်ကယ်တွေကိုသုံးပြီး အခွင့်ကောင်းယူ ကျူးလွန်နေတာတွေ့ရတဲ့အတွက် လိုင်စင်မဲ့ကားတွေဖမ်းတာ ၂၀၁၈ ခုနှစ်ကလိုင်စင်မဲ့ကားနဲ့ ဆိုင်ကယ်အစီး ၅၄၀ ကျော် ဖမ်းဆီးအရေးယူနိုင်ခဲ့တယ်။ ၂၀၁၉ခုနှစ် လက်ရှိကာလအထိ ကားနဲ့ ဆိုင်ကယ်အစီး ၃၃၀ ဖမ်းဆီးအရေးယူနိုင်ခဲ့တာတွေ့ရပါတယ်"ဟု တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်က ပြောကြားသည်။

"ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိခြင်းကြောင့် ၂၀၁၈ ခုနှစ်တွင် အမှုပေါင်း ၁၅၃၉ မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၂၆၀၀ ကျော်၊ သေဆုံးသူ ၄၈၀ ကျော်၊ ၂၀၁၉ ခုနှစ် လက်ရှိကာလအထိ အမှုပေါင်း ၉၉၀ ကျော်၊ ဒဏ်ရာရသူ ၁၇၀၀ ကျော် သေဆုံးသူ ၃၂၀ ကျော်ရှိခဲ့ကြောင်း အမှတ် ၁၇ ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒု-တပ်ဖွဲ့ခွဲမှူး ရဲမှူးကိုကိုနိုင်ထံမှ သိရသည်။

"လူသားအရင်းအမြစ်တွေ မဆုံးရှုံးစေဖို့နဲ့ ဝမ်းနည်းကြေကွဲစရာအဖြစ်ဆိုးတွေ ထပ်မဖြစ်ပွားစေဖို့အတွက် ကိုယ်စီမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာပြီး သွားလာမောင်းနှင်ကြဖို့ လိုသလို မိမိကွပ်ကဲရတဲ့အဖွဲ့အစည်းနဲ့ မိသားစုအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဖို့လိုအပ်ပါတယ်" ဟု ရဲမှူးကိုကိုနိုင်က ပြောကြားသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး ဆွေးနွေး

**ကျောင်းကုန်း အောက်တိုဘာ ၂**
ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက မြို့နယ်ပညာရေးမှူးရုံးရှိ မြတ်ပညာခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်မြင့်စိန်က ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ကူညီထောက်ပံ့မှုဖြင့် ဆရာအင်အားဖြည့်သင်ယူနေရကြောင်း ပြောကြားသည်။

အထက်တန်းကျောင်း(ခွဲ)နှင့် အထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာများက မိမိတို့ကျောင်း အခြေအနေကို တင်ပြကြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ဟိုပင်၌ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကျင်းပ

**ဟိုပင် အောက်တိုဘာ ၂**
ကချင်ပြည်နယ် ဟိုပင်မြို့ အထက(၁) တေဇခန်းမ၌ ကလေးစာပေပြပွဲ၊စာအုပ်ဈေးရောင်းပွဲနှင့် ဆုပေးပွဲကို အောက်တိုဘာ၁ရက်နံနက်၉နာရီကကျင်းပသည်။

အလယ်တန်း၊ အထက်တန်းဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းဆင့် ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲ၊ အလယ်တန်းဆင့်၊ အထက်တန်းဆင့်ပန်းချီပြိုင်ပွဲနှင့်အထက်တန်းဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိသည့် ကျောင်းသားကျောင်းသူ ၃၇ ဦးအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရသည်။ **တိုးတိုးမေ-ဟိုပင်**



# ရန်ကုန်မြို့လယ်ကောင်၌ အဝစားတစ်ထောင် ထမင်းဆိုင်ဖွင့်

**ရန်ကုန် အောက်တိုဘာ ၂**
တစ်ခါပြင် ငွေကျပ် ၅၀၀၊ အဝစားကျပ်တစ်ထောင် တန်ရွှေအာဟာရမြန်မာထမင်းဆိုင်ကို ရန်ကုန်မြို့ ၃၃ လမ်း နှင့် အနော်ရထာလမ်းထောင့်၌ အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက ဖွင့်လှစ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် ကော်မတီဝင်များ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်၊

"ကျွန်မတို့အနေနဲ့ ဒီလိုထမင်းဆိုင်ကိုဖွင့်လှစ်တာ တတိယမြောက်ဆိုင်အဖြစ် ဖွင့်လှစ်တာပါ။ မြန်မာထမင်းအပြင် တရုတ်အစားအစာတွေလည်း ရနိုင်ပါတယ်။ အကျိုးအမြတ်ကိုတွက်ပြီး ရောင်းတာတော့မဟုတ်ပါဘူး။ အားလုံးစားသုံးနိုင်အောင်ဖြစ်ပါတယ်" ဟု ထမင်းဆိုင်ဖွင့်လှစ်သူ သရုပ်ဆောင်ရတနာခင်က ပြောသည်။

ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ ထမင်းစတုဒိသာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့လယ်ကောင်တွင် ထမင်းတစ်ခါပြင် ငွေကျပ် ၁၅၀၀ ဝန်းကျင်ဈေးရှိနေချိန် ယခုကဲ့သို့ အများပြည်သူများ ဈေးနှုန်းသက်သာစွာ စားသုံးနိုင်ရန် ဖွင့်လှစ်ပေးလိုက်ခြင်းဖြင့် ပြည်သူများအဖိုးအခသက်သက်သာသာဖြင့် စားသုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

# တောင်သူများအား မြေတန်ဖိုးနှင့် သီးနှံတန်ဖိုးငွေများပေးအပ်

**မကွေး အောက်တိုဘာ ၂**

Eni Myanmar B.V ကုမ္ပဏီသည် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် (ကုန်းတွင်းရေနံလုပ်ကွက်အမှတ်RSF-5) အတွင်း ရေနံစမ်းသပ်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အောင်မြေကုန်းကျေးရွာမှ တောင်သူများ၏ ယာမြေ ၁၅ ဒသမ ၂၈ ဧကအား တောင်သူခုနစ်ဦးထံမှ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၁၀၆၄၀၇၀၀ ဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအမည်ပေါက် အရောင်းအဝယ်စာချုပ်ချုပ်ဆိုသည့် အခမ်းအနားကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ အတွင်းရေးမှူး ဦးဝေဇင်ထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဋ္ဌေးတို့က မကွေးမြို့နယ်အတွင်း ရေနံစမ်းသပ်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုဆိုင်ရာများနှင့်ပတ်သက်၍ အမှာစကားအသီးသီးပြောကြားခဲ့ကြပြီး တောင်သူခုနစ်ဦးတို့၏မြေယာတန်ဖိုးနှင့်သီးနှံနစ်နာကြေးများကို တောင်သူတစ်ဦးချင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ **သန်းနိုင်ဦး(ငဖဲ)**

# မီးခိုးတိတ်စီးပွားရေးဖြစ်သော ခရီးသွားကဏ္ဍမြှင့်တင်ရန်အတွက် ဘတ်ဂျက်လိုအပ်နေ

**ရန်ကုန် အောက်တိုဘာ ၂**

နိုင်ငံ့ဝင်ငွေကို ရှာဖွေပေးသည့် မီးခိုးတိတ်စီးပွားရေးဖြစ်သော ခရီးသွားကဏ္ဍမြှင့်တင်ရန်အတွက် ဘတ်ဂျက်လိုအပ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဇ္ဇာမျိုးက ပြောကြားသည်။

"ကျွန်မတို့ခရီးသွားကဏ္ဍဟာ နိုင်ငံရဲ့ဝင်ငွေကို တကယ့်မီးခိုးတိတ် စီးပွားရေးအဖြစ် ရှာဖွေပေးနေတဲ့ Industry ကြီးတစ်ခုဖြစ်တဲ့အတွက်ကြောင့် ဒီ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကဏ္ဍတွေကို လုပ်ဆောင်ဖို့အတွက်လည်း ဘတ်ဂျက်တွေ အများကြီးလိုအပ်ပါတယ်"ဟု ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြောကြားသည်။

လက်ရှိ ခရီးသွားကဏ္ဍမှ နိုင်ငံ့ဝင်ငွေကို ရှာဖွေပေးနေသကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော်လည်း ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် ဈေးကွက်ရှာဖွေရာတွင် အသုံးပြုသည့် ငွေကြေးပမာဏသည် အလွန်နည်းပါးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကျွန်မတို့ ခရီးသွားကဏ္ဍမှာဆိုရင် နိုင်ငံခြားဧည့်သည်က တစ်နှစ်ကို တစ်သန်းကျော်ကျော်လာတယ်၊ ၁ ဒသမ ၂ သန်း၊ ၁ ဒသမ ၃ သန်းခန့်လာတယ်၊ ခရီးသည်တစ်ယောက်ကို ဒေါ်လာ ၁၀၀၀ ပဲသုံး ကျွန်မတို့ခရီးသွားကဏ္ဍ Industry က ၁ ဒသမ ၃ ဘီလီယံလောက် ရှာပေးတယ်၊ ကျွန်မတို့ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက်ပြန်သုံးဆိုတဲ့နေရာမှာ ကျွန်မတို့က တစ်ရာခိုင်နှုန်းတောင် မရှိတဲ့ငွေ Amount တစ်ခုပဲ Promotion အတွက် ပြန်သုံးရတာ ဖြစ်နေတယ်" ဟု နော်ပန်းသဇ္ဇာမျိုးက ပြောကြားသည်။

လက်ရှိ မြန်မာနိုင်ငံသို့ဝင်ရောက်လာသည့် ခရီးသွားများထဲတွင် တရုတ်နိုင်ငံက အများဆုံးဝင်ရောက်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးသို့ ၂၀၁၈ ခုနှစ် ဇန်နဝါရီမှ ဇူလိုင်လအထိ ခရီးသည် ၆၄၀၀၀၀ ကျော် ဝင်ရောက်ခဲ့ကာ ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ ဇူလိုင်လအထိကာလတူတွင် ခရီးသည် ၇၄၀၀၀၀ ကျော် တိုးမြှင့်ဝင်ရောက်ခဲ့ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ပြောကြားသည်။

**ငြိမ်းငြိမ်း**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျောက်ကြီးတွင် ကျင်းပ

**ကျောက်ကြီး အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းဒေသ ညောင်ပင်သာကျေးရွာ သာသနာ့ဝေပုလ္လဘုန်းတော်ကြီးကျောင်းတွင် စက်တင်ဘာ နောက်ဆုံးပတ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုကို၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးအောင်စိုးဝင်းတို့က ပညာရေး၊ အခြေခံ အဆောက်အအုံများနှင့် လျှပ်စစ်ကဏ္ဍတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးခဲ့မှုအပေါ် သက်ဆိုင်ရာ ဌာနဆိုင်ရာများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းသဖြင့် လျှော်ဖြူအစေးအထွက်နှုန်းကျဆင်း

**မုံရွာ အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထားသော လျှော်ဖြူပင်များသည် ယခုနှစ် အစေးထုတ်ရာသီတွင် လျှော်ဖြူအစေးထွက်ရှိမှု လျော့ကျခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးဇော်မင်းက ပြောကြားသည်။

ဘုတလင်မြို့နယ် ဝွေးပင်ကျင်းကျေးရွာမှ လျှော်ဖြူစိုက်တောင်သူဦးချစ်ဋ္ဌေးက "မနှစ်က လျှော်ဖြူအစေး တစ်ဧကကို တစ်ရက်မှာ ၁၀ ပိဿာလောက်ထွက်ပေမယ့် အခုနှစ်မှာတော့ ရှစ်ပိဿာလောက်ပဲ ထွက်တော့တယ်၊ အစေးအထွက်နှုန်းကျပေမယ့် ဈေးနှုန်းက မကျလို့ တော်သေးတယ်လို့ပြောရမယ်" ဟု ပြောကြားသည်။

လျှော်ဖြူသီးနှံကို တိုင်းဒေသကြီးအတွင်း နှစ်စဉ်စိုက်ပျိုးမှု များပြားလျက်ရှိသော်လည်း ယခုနှစ်မိုးရာသီတွင် ပုံမှန်ထက် အပူရှိန်မြင့်မားခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်းတို့ကြောင့် လျှော်ဖြူအစေးထွက်ရှိမှုသည် လျော့ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



## တိုတိုထွာထွာဖတ်စရာ

### ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

**မန္တလေး**

ရတနာပုံမြို့တည် နန်းတည် မင်းတုန်းမင်းတရားကြီး နတ်ပြည်စံသက်နှစ် ၁၄၁ နှစ်မြောက်အဖြစ် ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဝါတော်၊ သက်တော်ကြီးသော ဆွေတော် မျိုးတော်များအား ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီတွင် အရှေ့စမုခ်ဆောင် မြနန်းစံကျော်ရွှေနန်းတော်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

### သက်ကြီးရွယ်အိုများနေ့ကျင်းပ

**လားရှိုး**

လားရှိုးမြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

မြို့ပေါ် ၁၂ ရပ်ကွက်မှ အဘိုး အဘွား ၂၅ ဦး၊ ဆင်းရွှေလီဘိုးဘွားရိပ်သာမှ ၂၃ ဦးနှင့် မတက်ရောက်နိုင်သူ ၁၇ ဦး စုစုပေါင်း ၆၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်၂၂၀၀၀ နှုန်းနှင့် လှူဖွယ်ပစ္စည်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့ကလည်း လှူဒါန်းခဲ့ကြသည်။

**ဟန်ဋ္ဌေး(လားရှိုး)**

### မြေနုကျွန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း

**ဆော**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်တွင် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်များ၊ မြေနုကျွန်း လုပ်ငန်းများနှင့်ပတ်သက်၍ တွေ့ဆုံရှင်းလင်းပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ယောမင်းကြီးဦးဘိုးလှိုင်ခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းက လယ်ယာမြေများပေါ်တွင် တရားမဝင်အကွက်ရိုက်ရောင်းချနေခြင်းများနှင့် မြေနုကျွန်းအငြင်းပွားမှုများအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးမှူး ဦးဟုန်းလိန်းက လယ်ယာမြေဥပဒေအကြောင်း၊ မြေလွတ်မြေရိုင်းဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးသည်။ **စိန်ကျော်**

### ဆေးဖက်ဝင်ဒန့်သလွန် ဝယ်ယူရန်ကမ်းလှမ်း

**မော်လမြိုင်ကျွန်း**

အိန္ဒိယခြောက်လဒန့်သလွန်ပင်များသည် ပြည်သူတို့၏ ကျန်းမာရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကို အထောက်အကူပြုသည့်အပြင် တစ်နှစ်အတွင်း တောင်သူအကျိုးပြု စီးပွားဖြစ်ထွန်းသောအပင်မျိုးဖြစ်သည်။ ထို့အပြင် အိန္ဒိယခြောက်လ ဒန့်သလွန်ပင်များကို အမေရိကန်၊ ဂျပန်၊ တရုတ်(တိုင်ပေ)နှင့် အခြားနိုင်ငံများက ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

### နည်းပညာများ ပညာပေးဆွေးနွေး

**ပင်လည်ဘူး**

နည်းပညာများ ပညာပေးဆွေးနွေးဆောင်ရွက်မှုကို ပင်လည်ဘူးမြို့နယ် မြောက်ပိုင်းဒေသကျေးရွာ ၁၆ အုပ်စုအတွင်း စိုက်ပျိုးထားရှိသော မိုးစပါးစိုက်ခင်းများသို့ စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးပြီး တောင်သူများအား အသိပညာပေး ဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပင်လည်ဘူးမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါးရာသီ၌ မိုးစပါးကို ၅၈၈၁၄ ဧက စိုက်ပျိုးရန်လျာထားခဲ့ပြီး ယခုမိုးရာသီတွင် မိုးစပါးများကို ၄၂၈၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မြို့နယ်အတွင်း ကျေးရွာ ၂၂ ရွာတွင် မိုးစပါးစံပြကွက် ၇၂ ဧက၊ မျိုးစေ့ထုတ် ၃၉ ဧက စုစုပေါင်း ၁၁၁ ဧက စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

### ကျောက်ပန်းတောင်းတွင် ပညာပေးဟောပြော

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မဲတီးကျေးရွာ အထက(ခွဲ)နှင့် လွင်ပင်ကုန်းကျေးရွာ မူလတန်းလွန်ကျောင်းတို့တွင် ကျောင်းအခြေပြု အသိပညာပေးဟောပြောပွဲများကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁) ဦးမျိုးသီဟအောင်က ရာသီပေါ် ဆင်တုပ်ကွေးရောဂါအကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒေါ်မြသန္တာထွန်းက စားသုံးသူကာကွယ်ရေးအကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်မြင့်ကေခိုင်က စာဖတ်ခြင်းဖြင့်ရရှိလာသည့် အကျိုးကျေးဇူးများအကြောင်းကို ဟောပြောသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ဘိုင်ယန်မြူးနစ်၊ မန်စီးတီးနဲ့ဂျူဗင်တပ်တို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်း သရေတစ်မှတ်ဖြင့်သာကျေနပ်ခဲ့ရ

ချန်ပီယံလိဂ်အုပ်စုအဆင့်ရဲ့ ဒုတိယပွဲစဉ်တွေအဖြစ် ယနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာမှ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်း၊ ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းနဲ့ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းကတော့ သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ အုပ်စုအဆင့် ဒုတိယပွဲစဉ်မှာ အင်္ဂလန်ကလပ် စပါးအသင်းနဲ့ကစားခဲ့ရပြီး ခုနစ်ဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ စပါးအသင်းဟာ အိမ်ရှင်အသင်းပီပီ ပွဲကစားချိန် ၁၂ မိနစ်မှာ ဆွန်ဟောင်မင်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၁၅ မိနစ်မှာတော့ ကင်မစ်ချ်ရဲ့သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရတာကြောင့် ဘိုင်ယန်မြူးနစ်အသင်း ချေပဂိုး ပြန်လည်ရရှိခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ပွဲကစားချိန် ၄၅ မိနစ်မှာ လီဝန်ဒေါ်စကီးရဲ့ သွင်းဂိုး ထပ်မံရရှိခဲ့တာကြောင့် ပထမပိုင်းပွဲချိန်အပြီးမှာ ဘိုင်ယန်မြူးနစ်က နှစ်ဂိုး-တစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် နောက်ထပ်သွင်းဂိုးတွေကို ဂျီနာဘရီက ပွဲကစားချိန် ၅၃ မိနစ်၊ ၅၅ မိနစ်၊ ၈၃ မိနစ်နဲ့ ၈၈ မိနစ်တို့မှာ လေးဂိုးအထိ သွင်းယူပေးခဲ့ပြီး ၈၇ မိနစ်မှာ လီဝန်ဒိုစကီးက နောက်ထပ်သွင်းဂိုး တစ်ဂိုး ထပ်မံသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ စပါးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ၆၁ မိနစ်မှာ ရရှိခဲ့တဲ့ ပင်နယ်တီကနေ ဟယ်ရီကိန်းက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ ဒိုင်နမိုဇာဂရက်အသင်းတို့ရဲ့ပွဲစဉ်မှာတော့ မန်စီးတီးအသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို စတာလင်နဲ့ ဖီးလ်ဖိုဒန်တို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းနဲ့ လေဗာကူဆင်အသင်းတို့ပွဲစဉ်မှာ ဂျူဗင်တပ်အသင်းက ဟီဂွေအင်၊ ဘာနာဒက်ချီနဲ့ စီရိုနယ်လ်ဒိုတို့ရဲ့ သွင်းဂိုးတွေနဲ့ သုံးဂိုးပြတ် အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ကလပ်ဘရုဂျ်အသင်းတို့ ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ ပွဲကစားချိန် ကိုးမိနစ်နဲ့ ၃၉ မိနစ်မှာ ဒန်နစ်ရဲ့ သွင်းဂိုးနှစ်ဂိုးကို ခွင့်ပြုပေးလိုက်ရတာကြောင့် အိမ်ကွင်းမှာ ဦးဆောင်ဂိုး နှစ်ဂိုးပေးလိုက်ရပြီး ပွဲကစားချိန် ၅၅ မိနစ်မှာ ရာမို့စ်ရဲ့သွင်းဂိုးနဲ့ ၈၅ မိနစ်မှာ ကတ်စမဲရိုးရဲ့သွင်းဂိုးတွေရရှိခဲ့တာကြောင့် ချေပဂိုး နှစ်ဂိုး ပြန်လည်ရရှိကာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

အခြားပွဲစဉ်တွေမှာ ပီအက်စ်ဂျီအသင်းက ဂါလာတာစာရေးအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ ဇီဗက်ဒီအသင်းက အိုလံပီယာကို့စ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ရက်တာဒိုးနက်စ်ခ်အသင်းက အတ္တလန္တာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အက်သလက်တီကိုမက်ဒရစ်အသင်းက လိုကိုမိုးတစ်အသင်းကို နှစ်ဂိုးပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။





Getty Images

# ဂျူဗင်တပ် နည်းပြဆာရီက ကန်တီနဲ့ ပြန်လည်လက်တွဲလိုဟုဆို

ဂျူဗင်တပ်အသင်းနည်းပြ ဆာရီဟာ ချယ်လ်ဆီးကြယ်ပွင့်ကစားသမား ကန်တီကို ခေါ်ယူဖို့ပစ်မှတ်ထားနေပြီး ဂျူဗင်တပ်အသင်းမှာ ပြန်လည်လက်တွဲလိုတယ်လို့ ပြောကြားလာပါတယ်။ နည်းပြ ဆာရီဟာ ချယ်လ်ဆီးအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့စဉ်က ကွင်းလယ်ကစားသမား ကန်တီနဲ့လက်တွဲခဲ့တာလည်းဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းရဲ့ ကွင်းလယ်ပိုင်းမှာ အာရွန်ရမ်ဆေး၊ ပီဂျာနစ်နဲ့ ကန်တီတို့ကို တွဲဖက်ကစားစေမယ်ဆိုရင် အောင်မြင်မှုရရှိမယ်လို့လည်း နည်းပြဆာရီက ယုံကြည်ထားတာ ဖြစ်ပါတယ်။ နည်းပြဆာရီဟာ ကွင်းလယ်ကစားသမား ကန်တီကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၇၀ အထိပေးပြီး ခေါ်ယူမယ်လို့လည်းဆိုပါတယ်။

ငွေကြယ်- ရေးသားသည်

## အနုပညာ



# ဟေးလေးဘော်ဝင်န်ရဲ့ ဗီဒီယိုကို ဂျက်စတင်ဘီဘာဖော်ပြ

လတ်တလောမှ ဒုတိယမြောက် မင်္ဂလာအခမ်းအနားကို ပြုလုပ်ခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့မော်ဒယ်လ် ဟေးလေးဘော်ဝင်န်တို့ဟာ မင်္ဂလာပွဲကျင်းပရာ တောင်ကာရိုလိုင်းနားကနေအပြန် ကိုယ်ပိုင်ဂျက်လေယာဉ်ပေါ်မှာ ရိုက်ကူးထားတဲ့ ဇနီးဖြစ်သူ ဟေးလေးဘော်ဝင်န်ရဲ့ဗီဒီယိုဖိုင်ကို ဂျက်စတင်ဘီဘာက သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြောင်း မေးလ်အွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်န်တို့ရဲ့မင်္ဂလာပွဲကို အောက်တိုဘာ ၁ ရက်က ပြုလုပ်ခဲ့ရာမှာ နာမည်ကျော်တွေများစွာ တက်ရောက်ခဲ့တယ်လို့လည်း သိရပါတယ်။ ဒီမင်္ဂလာပွဲက ပုံရိပ်တွေကို ထုတ်ဖော်ပြသခဲ့ခြင်း မရှိပေမယ့် ဒီအခမ်းအနားကို ဧည့်ပရိသတ် ၁၅၀ ခန့် တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ဒီအခမ်းအနားဟာ ဘာသာရေးအရပြုလုပ်တဲ့ မင်္ဂလာအခမ်းအနားတစ်ခုလည်းဖြစ်တယ်လို့ သိရပါတယ်။


# မှုခင်းဇာတ်လမ်းတွဲမှာ ပါဝင်သွားမယ့် ချာတေယန်း

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ချာတေယန်းဟာ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတစ်ခုမှာ ပါဝင်သွားဖို့ရာ ကမ်းလှမ်းခံထားရကြောင်း လတ်တလောမှာ သတင်းတွေထွက်ပေါ်လာတာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲဟာ မှုခင်းစုံထောက်ဇာတ်လမ်းတွဲဖြစ်ပြီး တိုက်ခိုက်ရေး ရုပ်ရှင်အမျိုးအစားလို့လည်းဆိုနိုင်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“ Further Investation” လို့ ယာယီအမည်ပေးထားတဲ့ စုံထောက်ဇာတ်လမ်းတွဲမှာ ချာတေယန်း ခေါင်းဆောင်ပါဝင်သွားဖို့ရာ ကမ်းလှမ်းခံခဲ့ရတာပါ။ လက်ရှိအချိန်အထိ အတည်ပြုပြောကြားခြင်းမရှိသေးပေမယ့် ပါဝင်ဖြစ်မယ်ဆိုပါက အဆိုပါဇာတ်လမ်းတွဲဟာ ပြီးခဲ့တဲ့ မတ်လအတွင်း ချာတေယန်း ပါဝင်သရုပ်ဆောင်ထားရာကနေ နုတ်ထွက်ခဲ့ရတဲ့ ဇာတ်လမ်းတွဲပြီးနောက် ပထမဆုံးပြန်လည်ရိုက်ကူးမယ့် ရုပ်ရှင်ဖြစ်လာမှာပါ။ ပြီးခဲ့တဲ့ မတ်လအတွင်း ချာတေယန်းဟာ လောင်းကစားမှုပြုလုပ်ခဲ့ကြောင်း သတင်းတွေထွက်ပေါ်လာခဲ့ပြီး ဇာတ်လမ်းတွဲကနေ နုတ်ထွက်ခဲ့ရတာ ဖြစ်ပါတယ်။



# ပထမဆုံးအကြိမ်တစ်ကိုယ်တော်နယ်လှည့်ဖျော်ဖြေပွဲ ပြုလုပ်သွားမယ့် NCT Dream



တောင်ကိုရီးယားရဲ့ တက်သစ်စအမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “NCT Dream” ဟာ အနုပညာသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် တစ်ကိုယ်တော်နယ်လှည့်ဖျော်ဖြေပွဲ ပြုလုပ်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ ဒီသတင်းကို အဖွဲ့ရဲ့အေဂျင်စီက ထုတ်ဖော်ပြောကြားလာတာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၁ ရက်မှာ အဖွဲ့ရဲ့ ဖျော်ဖြေရေး အေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်က “ NCT Dream” ရဲ့ နယ်လှည့်ဖျော်ဖြေပွဲ အစီအစဉ်ကို ထုတ်ဖော်အသိပေးခဲ့တာပါ။ လာမယ့်နိုဝင်ဘာ ၁၆ ရက်နဲ့ ၁၇ ရက်တွေမှာ ဆိုးလ်မှာ ဖျော်ဖြေပွဲပြုလုပ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

အေးပြည့် - စုစည်းသည်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ညွန့် (ညောင်တုန်းမြို့)

မြို့တော်စည်ပင်၊ အဆောက်အအုံဌာန-ငြိမ်း

**အသက် (၈၄) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်နေ (ဦးဟန်ညွန့်-ဒေါ်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ရွှေကမ္ဘာတာဝါ၊ အမှတ်(၁၇၈/၁၈၄)၊ အခန်း(၅၀၁)နေ (ဒေါ်မမမေ)၊ (ဦးဘကြည်-ဒေါ်မမစိန်)၊ (ဦးစောမောင်)-ဒေါ်မမကြည်၊ (ဦးမောင်ကို)-ဒေါ်သိန်းမြင့်တို့၏ညီမ၊ ဒေါ်သီသီဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ ထုတ်လုပ်ရေး၊ YCDC)၊ ဒေါ်မြမြဦး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဦးဝင်းနိုင်ဦး-ဒေါ်နိုင်နိုင်ဝင်း၊ ဒေါ်နွယ်နွယ်ဦး (British Embassy)တို့၏မိခင်၊ မနွယ်နီနီလင်း၊ မသူဇာနွယ်၊ မောင်ခန့်နိုင်ဦး ( Grade VII ၊ အထက-၁၊ ဒဂုံ)၊ မသွန်းချမ်းမြေ့ဦး (Grade-I, Green Hill Academy)တို့၏အဘွားသည် ၂-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၆:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ရီ

(အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ)

**အသက် (၈၁)နှစ်**

ပဲခူးမြို့၊ (၃၃) လမ်းနေ (ဦးကျောက်ခဲ- ဒေါ်လှစိန်)၏သမီး၊ [ဦးစိန်ဝင်း (ဒုညွှန်ချုပ်-ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)]၏ ဇနီး၊ (ဦးဟုတ်စိန်)-ဒေါ်စန်းမြင့်တို့၏ ညီမ၊ ဒေါ်သန်းနှစ်၊ (ဦးကျော်လွင်)-ဒေါ်ခင်ခင်စန်း၊ ဦးသန့်ဇင်- ဒေါ် ခင်စန်းမူ (ဒေါ်ခင်နွဲ့မူ)၊ ဒေါက်တာမျိုးသက် (ဒုဥက္ကဋ္ဌ-UMFCCI)- ဒေါ်ခင်မျိုးယဉ်တို့၏ အစ်မသည် ၁-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြင့်မြင့်ရီ (အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ)

**အသက် (၈၁) နှစ်**

ရဟန်း၊ ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ် ဒါယိကာမကြီး ဒေါ်မြင့်မြင့်ရီသည် ၁-၁၀-၂၀၁၉ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရွှေဟင်္သာတောရ**

**သာသန ပါလအသင်း၊ ညောင်တုန်းမြို့**

---

ကျေးဇူးအထူးတင်ရှိခြင်း

## ဒေါ်ခင်မေ (Clara Thein)

ကထိက (ငြိမ်း)၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

**အသက် (၉၅) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းခြံ၊ ဦးမောင်မောင်စိုးလမ်း၊ အမှတ်(၅၅)နေ [ဦးသန်းကြွယ်(မန်နေဂျာ၊ အုတ်ကျင်းသစ်စက်၊ မြန်မာ့သစ်လုပ်ငန်း)]၏ဇနီး၊ ဒေါက်တာခိုင်သန်း (Standard House Golf Store)-ဒေါက်တာနွယ်မာထွန်း (ပါမောက္ခ/ဌာနမှူး၊ သားဖွား/မီးယပ်ပညာ၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ ဒေါ်ခင်လင်း (ဒုညွှန်မှူး-ငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်)တို့၏ မိခင်၊ ဒေါက်တာမြတ်သူခိုင် (PG II, CWH ၊ ရန်ကုန်)၊ မသင်းနွယ်အိ (UIT ၊ စတုတ္ထနှစ်)တို့၏အဘွား ဒေါ်ခင်မေ (Clara Thein) မကျန်းမာစဉ်နှင့် နာရေးကိစ္စတွင် အဘက်ဘက်မှ ပြုစုဝိုင်းဝန်း ကူညီအားပေးနှစ်သိမ့်ပေးကြပါသော ကျန်းမာရေး၊ တရားရေး၊ ပညာရေး၊ ဆည်မြောင်းမိသားစုများ၊ ဆရာ/ဆရာမများ၊ တပည့်များ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းအပေါင်းတို့အား ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြင့်မြင့်ရီ (အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ)

**အသက် (၈၁) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းယားမြိုင်စုပေါင်းလမ်း၊ အမှတ်(၈၁-ဘီ)နေ [ဦးစိန်ဝင်း(ဒု-ညွှန်ချုပ်-ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)]၏ဇနီး မိခင်ရင်းသဖွယ် ချစ်ခင်လေးစားရပါသော ဒေါ်မြင့်မြင့်ရီသည် ၁-၁၀-၂၀၁၉ ရက် ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရန်မျိုးနိုင်(MD-Pann Thi Group Co.,Ltd)-**

**ဒေါ်သန်းသန်းဌေး (ဥက္ကဋ္ဌ-စေတမန်အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး) မိသားစု**

---

ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံ ဒါယိကာမကြီး

## ဒေါ်သက်ထား(ခ)

## ဒေါ်ထားထား

(စစ်တွေ၊ ဟင်္သာတ)

**အသက် (၉၇) နှစ်**

ဟင်္သာတအသင်း

(ရာသက်ပန်အသင်းဝင်)

ရန်ကုန်မြို့၊ အမှတ် (၁၀)၊ (၁၃၂) လမ်းနေ ဝတ်လုံတော်ရ (ဦးစိန်ထွန်း-ဒေါ်စမ်းမြ)တို့၏ သမီးကြီး၊ [ဗိုလ်ထွန်းလင်း (လွှတ်လပ်ရေးမော်ကွန်းဝင်)]၏ဇနီး၊ (ဦးသက်ထွန်းဦး)၏ ကျေးဇူးရှင်မွေးသမိခင်၊ ဒေါ်နုနုထွန်း (ငြိမ်း၊ အမက-၂) တာမွေ)၏အစ်မကြီး၊ ကိုသန့်စင်၊ ကိုမိုးဟိန်း၊ မမြတ်ခိုင်တို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၃၀-၉-၂၀၁၉ ညနေ ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

တောမဲ့
မြေသား
ရေ
တိုက်စား၏

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ရီ

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ

**အသက် (၈၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းယားမြိုင်စုပေါင်းလမ်း၊ အမှတ် (၈၁/ဘီ)နေ (ဦးကျောက်ခဲ-ဒေါ်လှစိန်)၊ (ဦးငွေကိုင်-ဒေါ်စိန်ခင်)တို့၏ သမီးချွေးမ၊ [ဦးစိန်ဝင်း (ဒု-ညွှန်ချုပ်-ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)]၏ ဇနီး၊ အမှတ် (၇၀)၊ တက္ကသိုလ်ရိပ်သာလမ်း၊ တောင်ပုလုကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သောဘန၏ မယ်တော်ကြီး၊ ဒေါက်တာထွေးထွဋ်ကြည် (Rayal Ruby Co., Ltd)-ဒေါက်တာသင်းနွယ်ဝင်း (Rayal Ruby Co., Ltd)၊ ဒေါက်တာဘုန်းမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဟန်နည်ထွဋ်အောင်၊ ကျော်စွာဝင်းထွဋ်၊ ဒေါက်တာကောင်းစံဝင်းထွဋ်၊ ရွှေရင်အေး၊ ဒေါက်တာနန်းနေနွယ်ဘုန်းမြင့်၊ နန်းကေဇာဘုန်းမြင့်တို့၏ အဘွားသည် ၁-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၇ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ် (၇၀)၊ တက္ကသိုလ်ရိပ်သာလမ်း၊ တောင်ပုလုကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ညွန့် (ညောင်တုန်းမြို့)

မြို့တော်စည်ပင်၊ အဆောက်အအုံဌာန-ငြိမ်း

**အသက် (၈၄) နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ရွှေကမ္ဘာတာဝါ၊ အမှတ်(၁၇၈/၁၈၄)၊ အခန်း(၅၀၁)နေ ဒေါ်မြမြဦး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန)၏မိခင်ဖြစ်သူ ဒေါ်ခင်ညွန့် အသက် (၈၄)နှစ်သည် ၂-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၆:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ရီ

(အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ)

**အသက် (၈၁)နှစ်**

ကျောက်ပန်းတောင်းမြို့နယ်၊ သန်းကြီးကုန်းကျေးရွာ၊ သန်းကြီးကုန်းကျောင်းတိုက်ကြီး၏ သာသနာ့မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး ဒေါ်မြင့်မြင့်ရီ (အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ)သည် ၁-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆရာတော် ဦးစန္ဒိမာသိရီနှင့်**

**ဒါယကာ၊ ဒါယိကာမများ**

**သန်းကြီးကုန်းရွာ၊ ကျောက်ပန်းတောင်းမြို့နယ်**

---

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဒေါ်ခင်သီတာအုန်း (အမက-၃၊ မရမ်းကုန်း)၏ ခင်ပွန်း၊ မောင်အောင်ကျော်သူ၏ ကျေးဇူးရှင်ဖခင် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၇၂)မှ ဗိုလ်ကြီး(ငြိမ်း) ခင်မောင်တင့်သည် ၂၈-၉-၂၀၁၉ ရက်နေ့ ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗသက (၇၂)မှ သူငယ်ချင်းမိသားစုများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ကြည်

**အသက် (၈၉)နှစ်**

ညောင်လေးပင်မြို့

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ (၃)ရပ်ကွက်၊ ဈေးအရှေ့လမ်း၊ အမှတ် (၃၆)နေ (ဦးထွန်းမောင်-ဒေါ်လှတင်)တို့၏ သမီး၊ (ဦးမောင်ကြီး-ဒေါ်ခင်ခင်မြင့်)၊ ဦးမောင်မောင်-ဒေါ်သန်းသန်း၊ ဦးစိုးမြင့်-ဒေါ်နုနုရီ၊ (ဒေါ်ရင်ရင်)၊ ဦးသိန်းမြင့်-ဒေါ်ခင်ယုလွင်၊ ဦးအောင်ကျော်မြင့်-(ဒေါ်ညွန့်ရီ)၊ ဦးသွင်နိုင်-(ဒေါ်သက်သက်)တို့၏အစ်မ ဒေါ်ခင်ကြည်သည် ၂-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် မြို့မ (၃)ဈေးအရှေ့လမ်းနေ ဒေါ်ခင်ကြည်၏နေအိမ်မှ အရှေ့သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ခင်ဘုန်းဦး(VSO)၏ ချစ်လှစွာသောမိခင် ဒေါ်မြဦးသည် ၃၀-၉-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်လွင်ဦး၊**

**ဝါဝါနိုင်၊ ဆွေဆွေနိုင်၊ ချိုချိုအောင်၊ ချိုချိုမြင့်၊ သင်းသင်းမာ၊ ခင်ထားနွယ်၊ စန်းစန်းထွေး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်ဆင့်ဆင့်

**အသက် (၈၉)နှစ်**

ဦးမြင့်ဦး-ဒေါက်တာဒေါ်ခင်ချစ် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ FDA)တို့၏ မိခင်ဖြစ်သူ ဒေါက်တာ ဒေါ်ဆင့်ဆင့်သည် ၃၀-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ**

**(ရန်ကုန်)မှ ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြင့်မြင့်ရီ (၈၁)နှစ်

(အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ)

ရွှေဇနကအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ အစုရှယ်ယာရှင် ဒေါက်တာသင်းနွယ်ဝင်း-ဒေါက်တာထွေးထွဋ်ကြည်၊ ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာဘုန်းမြင့်တို့၏မိခင် ဒေါ်မြင့်မြင့်ရီ အသက် (၈၁)နှစ်သည် ၁-၁၀-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**

**ရွှေဇနက အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာ ဒေါ်ဆင့်ဆင့် (မိတ္ထီလာ)

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဉ္ဇူလမ်း၊ အမှတ်(၁၁)နေ ဦးမြင့်ထွန်း(C/E Wallenius Marine Singapore)-ဒေါ်မို့မို့ကျော်တို့၏ မွေးသမိခင် ကျေးဇူးရှင်ကြီး ဒေါက်တာဒေါ်ဆင့်ဆင့်(မိတ္ထီလာ)သည် ၃၀-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)**

**ညွှန်ကြားရေးမှူးနှင့် ဒုတိယ-ညွှန်ကြားရေးမှူးများ**

**ရေကြောင်းအင်ဂျင်နီယာဌာနခွဲ**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်စိန်ထွန်း (စစ်တွေမြို့၊ သာယာကုန်းရွာ)

ရခိုင်တိုင်းရင်းသား လူမှုရေးအသင်း(မန္တလေး)

အလုပ်အမှုဆောင်အဖွဲ့ဝင်

**အသက် (၈၇) နှစ်**

ဦးကျော်ဝေ-ဒေါ်ဦးညွန့်သိန်းတို့၏ဖခင် ဦးမောင်စိန်ထွန်း အသက် (၈၇)နှစ်သည် ၂၉-၉-၂၀၁၉ ရက်တွင် စစ်တွေမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရခိုင်တိုင်းရင်းသားလူမှုရေးအသင်း(မန္တလေးမြို့)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းသန်းအေး (ခ) ဒေါ်တွတ်

ဓနိကုန်းမြို့နယ်အသင်း (ရန်ကုန်)၊ ဒု-ဥက္ကဋ္ဌဟောင်း

**အသက် (၇၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း (မြောက်)ရပ်ကွက်၊ မပိုလမ်း၊ အမှတ်(၃၃)၊ (B-6)နေ ဒေါ်သန်းသန်းအေး (ခ) ဒေါ်တွတ် [ဓနိကုန်းမြို့ နယ်အသင်း (ရန်ကုန်)၊ ဒု-ဥက္ကဋ္ဌဟောင်း]သည် ၂၉-၉-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့် ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ဓနိကုန်းမြို့နယ်အသင်း (ရန်ကုန်)**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးစံလှ (B.Sc, Eng.)

နာယက၊ ချင်းတွင်းအသင်း (ရန်ကုန်)
ဒုတိယဥက္ကဋ္ဌ၊ ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့ (ရန်ကုန်)
(ကနီမြို့၊ ချင်းတွင်း)
ရန်ကင်း

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ တိုက်(၃၅)၊ အခန်း(၆)၊ ရန်နိုင်လမ်းသွယ်(၁၃)နေ (ဦးချမ်းမြ-ဒေါ်အေးတင့်)တို့၏ သား၊ (ဦးအုန်းခင်-ဒေါ်အေးတင်)တို့၏ သားသမက်၊ [ဒေါ်စိုးမြင့်(မင်းဘူး)]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနေစိုးဦး (Golden Horizon Co.,Ltd)-ဒေါ်မို့မို့ငယ်၊ (ဦးရဲကျော်သူ)-မမန်းသူ၊ ဦးကျော်ဇင်ထွေး-ဒေါ်ကျော့ကျော့စံ(Florida, U.S.A)တို့၏ချစ်လှစွာသောမွေးသဖခင်၊ ကိုချမ်းငြိမ်းဦး (Pacific Int'l Lines Pte.,Ltd)-မနွေလွင်အောင်၊ မအိအိဖြူ (Javelin Services Ltd )တို့၏ ချစ်လှစွာသောအဘိုးသည် ၂-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၅၅ နာရီတွင် ပင်လုံဆေးရုံကြီးအထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါက်တာဒေါ်ဆင့်ဆင့် (မိတ္ထီလာ)

**အသက် (၈၉) နှစ်**

မိတ္ထီလာမြို့နေ (ဒေါက်တာဦးထွန်းလူ-ဒေါ်ညီမ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်း၊ အမှတ်(၁၁)နေ ပါမောက္ခ ဒေါက်တာဦးမြင့်လွင် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆေးသုတေသနဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဦးမြင့်ဦး-ဒေါက်တာဒေါ်ခင်ချစ်၊ ဦးမြင့်ထွန်း(C/E Wallenius Marine Singapore)-ဒေါ်မို့မို့ကျော်၊ ဦးမြတ်နိုးအောင်-ဒေါ်မြင့်မြင့်တိုး၊ ဦးမျိုးဝင်းညွန့်-ဒေါ်မြင့်မြင့်ထွေးတို့၏မွေးသမိခင် ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါက်တာဒေါ်ဆင့်ဆင့်သည် ၃၀-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၈:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာဒေါ်ဆင့်ဆင့် (မိတ္ထီလာ)

**အသက် (၈၉) နှစ်**

မိတ္ထီလာမြို့နေ (ဒေါက်တာဦးထွန်းလူ-ဒေါ်ညီမ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်း၊ အမှတ်(၁၁)နေ ပါမောက္ခ ဒေါက်တာဦးမြင့်လွင် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆေးသုတေသနဦးစီးဌာန)၏ချစ်လှစွာသော ဇနီး၊ (ဦးဘိုသင်း-ဒေါ်မြင့်မြင့်)၊ (ဒေါ်ညွန့်ညွန့်)၊ (ဒေါက်တာဦးစိုးမြင့်)-ဒေါက်တာဒေါ်ရီရီထွန်း၊ ဒေါ်စန်းစန်းထွန်း၊ ဒေါ်သန်းသန်းထွန်း၊ ဦးတင်လှထွန်း-ဒေါ်စိန်စိန်၊ (ဦးခင်မောင်အေး)-ဒေါ်ကြိုင်ကြိုင်ထွန်းတို့၏ ချစ်လှစွာသောအစ်မကြီး ဒေါက်တာဒေါ်ဆင့်ဆင့်သည် ၃၀-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၈:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ရဟန်းဒါယကာကြီး

## ဦးမောင်မောင်ဦး

**အသက် (၅၆) နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည) ရပ်ကွက်၊ ရော(၈)လမ်း၊ အမှတ်(က/၇၀)နေ (ဦးသိန်းမြင့်)-ဒေါ်ခင်စန်းမြင့်တို့၏သား၊ (ဦးတင်နွယ်-ဒေါ်ခင်ပြုံး)တို့၏ သားသမက်၊ ဗိုလ်မှူးမောင်မောင်စိုး(ငြိမ်း)-ဒေါ်ခင်ပပအေး၊ ဦးရဲမင်းသူ-ဒေါ်သန်းသန်းအေးတို့၏အစ်ကို၊ တူ/တူမ ငါးယောက်တို့၏ဦးလေး၊ မောင်ကျော်ထင်ကျော်၊ မအေမီသော်၊ မောင်ဇော်ဖြိုးနောင်၊ မောင်ရှိဏ်းဦးတို့၏ ဖခင်၊ဒေါ်သီတာနွယ်၏ခင်ပွန်း ဦးမောင်မောင်ဦးသည် ၁-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ရဟန်းဒါယကာကြီး

## ဦးမောင်မောင်ဦး (၅၆) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည) ရပ်ကွက်၊ ရော(၈)လမ်း၊ အမှတ်(က/၇၀)နေ (ဦးသိန်းမြင့်)-ဒေါ်ခင်စန်းမြင့်တို့၏ သား၊ (ဦးတင်နွယ်-ဒေါ်ခင်ပြုံး)တို့၏ သားသမက်၊ ဦးစိုးနိုင်-ဒေါ်မေရီတို့၏တူ၊ ဦးကိုကိုဇင်လင်း-ဒေါ်မာလာနွယ်၊ ဦးကျော်ကျော်ထွဋ်-ဒေါ်စန္ဒာနွယ်၊ (ဦးနေဝင်းအောင်)-ဒေါ်တင်တင်စိုး၊ ဦးအောင်မင်း-ဒေါ်စောသိင်္ဂီနွယ်၊ ဦးမင်းနိုင်-ဒေါ်စောမမမိုး၊ ဦးအုပ်စိုး-ဒေါ်စောသက်လျာနိုင်၊ ဒေါ်စောပပနိုင်၊ ဦးဇေယျာ-ဒေါ်စောနှင်းအိအိနိုင်၊ ဦးစိုးမိုးအောင်-ဒေါ်နန္ဒာတို့၏အစ်ကို၊ ဦးကျော်ထင်ကျော်-ဒေါ်အေမီသော်၊ မောင်ဇော်ဖြိုးနောင်၊ မောင်ရှိဏ်းဦးတို့၏ ဖခင်၊ မဟေသာဆင့်ကျော်(ခ)Rina ၏အဘိုး၊ ဒေါ်သီတာနွယ်၏ခင်ပွန်း ဦးမောင်မောင်ဦးသည် ၁-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ဒေါ်ဆင့်ဆင့် (မိတ္ထီလာ)

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်း၊ အမှတ်(၁၁)နေ ပါမောက္ခ ဒေါက်တာဦးမြင့်လွင် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆေးသုတေသန ဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဦးမြတ်နိုးအောင်-ဒေါ်မြင့်မြင့်တိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၃၀-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Daw Myint Myint Toe Group**
**Certified Public Accountants and Financial Consultants**

---

## အနိစ္စ

## ဦးဘဲလား(ဘဲလားလေဘာတီ)

တပ်မတော်-ရေ (ငြိမ်း)

**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၀၅)လမ်း၊ အမှတ်(၁၁)နေ (ဦး ဆွာမိ -ဒေါ်မေရီ) တို့၏သား၊ ဒေါ်ခင်မြမြဝင်း၏ခင်ပွန်း၊ ဒေါ်ကရမက်၏ မောင်၊ ဒေါ်ရေကြည်မ၏ အစ်ကို၊ ဦးဇော်ဝင်းအောင်-ဒေါ်ခိုင်ခိုင်၊ ကပ္ပတိန် မျိုးဝင်းအောင်-ဒေါ်အိအိခိုင်၊ ဦးဖြိုးဝင်းအောင်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဥတု
## ရာသီ
## တောကို
## မှီ၏

---

## ဦးဖေသန်း

**အသက်(၈၉)နှစ်**

ဗိုလ်တထောင်သတင်းစာတိုက်(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၁၄)လမ်း၊ (C )ဘလောက်၊ တိုက်(၃၇)၊ အခန်း(၂၀၄)နေ (ဦးဘသော်-ဒေါ်ရေး)တို့၏ သား၊ (ဒေါ်တင်ဥ)၏ ခင်ပွန်း၊ (ဦးတင်မောင်သန်း)-ဒေါ်အဲစတာ၊ (ဦးဇော်ထွန်း)-ဒေါ်စန်းစန်းအေး (သတင်းနှင့်စာနယ်ဇင်းစာအုပ်ဆိုင်)၊ (ဦးမျိုးညွန့်အောင်)-ဒေါ်စန်းစန်းအိတို့၏ ဖခင်၊ မောင်အောင်သူမျိုး၊ မောင်ကျော်သူရ၊ မောင်စည်သူမျိုး၊ မဖူးပွင့်ဝတီကျော်တို့၏ အဘိုးသည် ၁-၁၀-၂၀၁၉ရက် ည ၈:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၉ (ကြာသပတေးနေ့)ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားမှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌ အိပ်ပျော်ခြင်း

## JUNE PE HLA AUNG (ခ) အဖီးဗျိုင်း

**အသက် (၈၃) နှစ်**

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ တန်းမြင့်ကျောင်းလမ်း၊ အမှတ်(၁၇၄၀)နေ (ဆရာကြီး Charles Taw-ဒေါ်အေးဇင်)တို့၏ သမီးချွေးမ၊ (ဦးဖေလှအောင်-ဒေါ်သိန်းတင်)တို့၏ သမီး၊ [Allison Taw (ခ) စောအောင်ရန်နိုင်]၏ ဇနီး၊ ဒေါ်စကြာတော(ခ) နောင်နောင်-(Dean Dwight)၊ (နော်ကမ္ဘာနိုင်တော-စောမူနားလေး)တို့၏မိခင်၊ HAYA AGAPE LE ၊ ELIZABETH MICHELLE DEAN ၊ RUTH SHENORA DEAN (ခ) SAKURA တို့၏အဘွား JUNE PE HLA AUNG (ခ) အဖီးဗျိုင်းသည် ၂-၁၀-၂၀၁၉ ရက် နံနက် ၆:၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၁၀-၂၀၁၉ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးညီချေ

**အသက် (၇၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၁၃၄-ခ) နေ ဒေါ်အောင်ခင်(ခ)မပုလု၏ ခင်ပွန်း၊ [ဦးအောင်ဘအေး(ခ) အောင်မြင့်]-ဒေါ်ခင်သန်းဝင်း၊ (ဦးထွေးနု)-ဒေါ်နွဲ့နွဲ့၊ ဒေါ်စမ်းစမ်းမော်(ခ) မပုမေတို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၁-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သူဇာမြင့်

(တရားလွှတ်တော်ရှေ့နေ)

**အသက် (၆၇) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၂)နေ (သူရဦးလှခိုင်-ဒေါ်မေမေခင်)တို့၏ သမီးချွေးမ၊ (ဦးဖုန်းမြင့်-ဒေါ်ခင်တင့်)တို့၏ သမီးလတ်၊ ဦးခိုင်ထွေး (မန်နေဂျာ-ငြိမ်း၊ မွေးရေဝန်ကြီးဌာန)၏ဇနီး၊ ဗိုလ်ကြီးနိုင်ရဲဇော်-ဒေါ်ခိုင်ဇာပွင့် (M.Pharm)၊ ဦးခိုင်ဇာမင်း-ဒေါ်ရှယ်အောင်သူ(ILBC)တို့၏မိခင် ဒေါ်သူဇာမြင့်သည် ၁-၁၀-၂၀၁၉ ရက် နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးလှဝင်း (စစ်တွေ)

**အသက် (၅၆) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်ရှေ့ရပ်ကွက်၊ စကားဝါပင်လမ်း၊ အမှတ်(၅၉)နေ (ဦးမောင်သာထွန်း-ဒေါ်မစိန်နု)တို့၏သား၊ ဦးမြသာစိန်-(ဒေါ်မဝင်းသာ)တို့၏သားသမက်၊ (ဦးလှရွှေ)-ဒေါ်မစိုးစိုးနွယ်၊ ဦးလှသိန်း-ဒေါ်ရီရီဝေတို့၏ ညီ၊ ဒေါ်မသောင်းဖြူ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စိုးမိုးနိုင်၊ မောင်လွှမ်းမိုးနိုင်၊ မောင်ထွန်းလင်းနိုင်တို့၏ကျေးဇူးရှင် မွေးသဖခင် သည် ၁-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သိန်းမြ

**အသက် (၇၆) နှစ်**

သရက်မြို့နယ်အသင်း (ရန်ကုန်) စာရင်းစစ် ဦးချစ်ကိုကို-ဒေါ်အောင်အောင်ယုတို့၏မိခင်ကြီး ဒေါ်သိန်းမြ အသက် (၇၆) နှစ်သည် ၃၀-၉-၂၀၁၉ ရက် တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ **သရက်မြို့နယ်အသင်း (ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့**

---

## ဒေါ်မဦးစိန်(ဒေါ်အုန်းစိန်) (စစ်တွေ)

**အသက် (၉၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၁၈) ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ် (၁၆၇၉/က)နေ (ဦးထွန်း- ဒေါ်ကျော့ဦး)တို့၏ သမီး၊ [ဦးစိုးလှိုင်(ခ) ဦးဖြူသံ]၏ဇနီး၊ (ဦးအောင်စိန်သာ-ဒေါ်သိန်းဖြူ)၊ ဦးအောင်သိန်း- ဒေါ်သန်းသန်းထွေးတို့၏ အစ်မ၊ ဦးထွန်းရီ-ဒေါ်ခင်စောရီ၊ ဦးကျော်မြင့်-ဒေါ်မြမြသိန်း၊ ဦးထွန်းလွင်(ခ)ဦးထွန်းအေး-ဒေါ်စန်းစန်းငွေးတို့၏ မိခင်၊ ဒေါ်သက်သက်ဦး (သတ္တဗေဒဌာန၊ ဆေးတက္ကသိုလ်-၂)၊ (မောင်နေလင်းထွန်း)-မရင်ရင်ကျော်၊ မခိုင်သန့်စင်၊ မြေးရှစ်ယောက်တို့၏ အဘောင်ရှင်၊ မြစ် ခုနစ်ယောက်တို့၏အဖီးရှင် ဒေါ်မဦးစိန် (ဒေါ်အုန်းစိန်)သည် ၂-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၉ (သောကြာနေ့) ညနေ ၃ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ရဟန်းဒါယိကာမကြီး

## ဒေါ်သန်းလှ (အိမ်မဲ)

**အသက် (၈၁) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နေ (ဦးမောင်သန်း-ဒေါ်မြရှိန်)တို့၏သမီး၊ (ဦးချစ်စံ-ဒေါ်သန်းရင်)တို့၏ သမီးချွေးမ၊ (ဦးတင်ရွှေ-ဒေါ်သင်းရီ)တို့၏ညီမ၊ (ဦးဟန်ညွန့်-ဒေါ်သန်းမြ)၊ ဒေါ်သန်းအေးတို့၏အစ်မ၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ပြည်သူ့ကွက်သစ်(၂)လမ်း၊ အမှတ် (၁၃)နေ (ဦးစိန်လွင်)၏ဇနီး၊ (ကိုစိုးဝင်း)-မမြင့်မြင့်ကြည်၊ ကိုထွန်းအောင်(E/E, PIL)-မမိမိတင် (ပြည်တွင်းအခွန်)၊ ကိုအောင်ခင်ဦး၊ ကိုတင်မောင်ဝင်း-မသင်းသင်းမြင့်၊ (ကိုစိုးနိုင်)-မသန်းသန်းဦး၊ ကိုအောင်ဇော်ဦး-မထားထားကြည်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးသွင်

ဦးစီးအရာရှိ (ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အသက်(၈၀)**

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ ချမ်းမြေ့ရိပ်ငြိမ်လမ်းသွယ်၊ အမှတ်(၁၇)နေ (ဦးလွန်း-ဒေါ်ပျော့)တို့၏သား၊ (ဦးချစ်-ဒေါ်အေးဆိုင်)တို့၏ သားသမက်၊ (ဦးအောင်သန်း-ဒေါ်ခင်ငြိမ်း)တို့၏ညီ၊ ဦးမြင့်သိန်း (စံရွှေမြင့်)-ဒေါ်တူးတူးမြင့်သိန်း၊ (ဦးပေါ်အေး)-ဒေါ်စန်းရီ၊ ဦးအေးကို-ဒေါ်အေးပိုတို့၏အစ်ကို၊ ကိုစောမင်းဦး-နော်သဇင်မြင့်၊ ကိုနိုင်မင်းသွင်၊ ကိုဝင်းသူအောင်-မခင်ဇေယျာသွင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသောအဘိုး၊ (ဒေါ်သန်းဆွေ)၏ခင်ပွန်း ဦးသွင်သည် ၂-၁၀-၁၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၉ (သောကြာနေ့) ညနေ ၃ နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၉ (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးစောအော်ဂနီ

ပြည်သူ့ဆေးရုံ အင်းစိန် (Conpounder-ငြိမ်း)

**အသက် (၇၈)နှစ်**

ကော့ကရိတ်နေ (ဦးသာတော-ဒေါ်မူလေး)တို့၏ တတိယမြောက်သား၊ မြန်အောင်မြို့နေ (ဦးချာ-ဒေါ်ဝိုင်း)တို့၏ သား/သမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ စောလေးကျင့်ကုန်းလမ်း၊ (မ-၁၁၇၀)နေ စောဝင်းရိတ်-နော်ခါရို၊ နော်တင်တင်အေး-ဦးနေမျိုးကျော်၊ နော်သူဇာနီ-ဦးနေမျိုးထွန်း၊ စောဝင်းထိန်-နော်အိအိခိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ နော်လင်းလုလု၊ နော်ထူးထူးလင်း၊ နော်ဂျူဂျူးလင်း၊ နော်ဝတ်ရည်ကျော်၊ စောမျိုးသီဟကျော်၊ စောဂျွန်သူရဇော်၊ နော်ဝင့်အိန္ဒြေထွန်း၊ နော်စတားအက်ပယ်ဝင်း၊ နော်ဂရေ့(စ်)အက်ပယ်ဝင်းတို့၏ ချစ်လှစွာသောအဖူး၊ (ဒေါ်နော်တင်လှကြည်)၏ ချစ်လှစွာသောခင်ပွန်း ဦးစောအော်ဂနီသည် ၁-၁၀-၂၀၁၉ (အင်္ဂါနေ့) ည ၇:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၁၀-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ဂေသရှေမာန်ကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေသင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်ဒါယကာကြီး

## ဦးအောင်သန်းဝင်း

လ/ထ အကောက်ခွန်မှူး (ကပ-၇၇၅၄)၊ မန္တလေး

**အသက် (၅၆) နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇) ရပ်ကွက်၊ အမှတ်(၃၁)၊ လိပ်ကန်လမ်းနေ (ဦးလှဝင်း-ဒေါ်လှသန်း)တို့၏သား၊ (ဦးလှမောင်-ဒေါ်စိန်ခိုင်)တို့၏သားသမက်၊ (ဦးမျိုးဝင်း)၊ (ဦးညို့ဝင်း)-ဒေါ်ဖြူဖြူဝင်း၊ ဒေါ်နုနုဝင်း၊ ဒေါ်မာမာဝင်းတို့၏ညီ/မောင်၊ (ဦးဇော်ဝင်း)-ဒေါ်နီလာတို့၏ အစ်ကို၊ ဒေါ်ဥမ္မာညွန့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရွှေဝင်း-မသိင်္ဂီဝင်း၊ မောင်ထွန်းထွန်းကျော်၊ မဖူးပွင့်ဟန်တို့၏ချစ်လှစွာသောဖခင်၊ မရွှေမိုးအိမ်၊ မောင်လမင်းအိမ်တို့၏အဘိုးသည် ၂-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၅:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၉ (သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂**
ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr. Moon Hee-sang ၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်သို့ ရောက်ရှိရာ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များက ကြိုဆိုကြသည်။

**တွေ့ဆုံဆွေးနွေး**

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr. Moon Hee-sang နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်၏

**စာမျက်နှာ ၇ ကော်လံ ၄ သို့ ❂**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr. Moon Hee-sang တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

# မြန်မာ ယူ - ၁၉ အသင်း အာရှခြေစစ်ပွဲအတွက် လေ့ကျင့်မည်

**ရန်ကုန် အောက်တိုဘာ ၂**
တရုတ်(တိုင်ပေ) ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဒုတိယရခဲ့သည့် မြန်မာ ယူ-၁၉ အသင်းသည် အောက်တိုဘာ ၃ ရက် ညနေပိုင်းမှစ၍ အာရှခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မည်ဖြစ်သည်။

စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပသည့် တရုတ်(တိုင်ပေ) ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဒုတိယရခဲ့သည့် မြန်မာ ယူ-၁၉ အသင်းသည် ယနေ့ ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ ယူ-၁၉ အသင်းသည် ယင်းပြိုင်ပွဲတွင် အိမ်ရှင်တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ ဂျီဘရော်တာအသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ဒုတိယနေရာရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် တရုတ်(တိုင်ပေ)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲတွင် ဂျီဘရော်တာအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဟောင်ကောင်အသင်းကို ခြောက်ဂိုးပြတ် အနိုင်ရကာ ခြောက်မှတ်ဖြင့် ဒုတိယရခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် နိုဝင်ဘာလတွင် ယှဉ်ပြိုင်ရမည့် အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် တရုတ်(တိုင်ပေ)ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ၁၈ ဦး၊ ချန်လှပ်ခဲ့သည့် ကစားသမား ၁၀ ဦးဖြင့် ပြန်ပေါင်းကာ လေ့ကျင့်မည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၈ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် အလေးမပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၈ ပြေးခုန်ပစ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ နံနက် ၆ နာရီခွဲမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပသည်။

**ယှဉ်ပြိုင်ကစား**

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မီတာ ၅၀၀၀ လမ်းလျှောက် (မ)၊ မီတာ ၈၀၀ အပြေး (ကျား/မ)၊ တုတ်ထောက်ခုန် (မ)၊ မီတာ ၄၀၀ တန်းကျော်ပြေး (ကျား/မ)၊ ကြိုးတပ်သံလုံးပစ် (ကျား)၊ မီတာ ၁၀၀ အပြေး (ကျား/မ)၊ လှံတံပစ် (ကျား)၊ တန်းမြင့်ခုန်(ကျား)၊ မီတာ ၁၀၀ အပြေး (ကျား/မ)၊ မီတာ ၄၀၀ တန်းကျော်ပြေး (ကျား/မ)၊ အလျားခုန် (မ)၊ မီတာ ၂၀၀၀ တားဆီးကျော်ပြေး (ကျား/မ)၊ မီတာ ၈၀၀ အပြေး (ကျား/မ) ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြရာ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ကြသည်။

**အလေးမပြိုင်ပွဲ**

အလားတူ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီမှစတင်၍ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**




ကြေးမုံ ယနေ့ ဖတ်စရာ

တရားဥပဒေစိုးမိုးရေး
ဆောင်းပါး စာမျက်နှာ » ၆

အမေရိကန်နှင့် တရုတ် ဝန်ကြီးများအဆင့် ကုန်သွယ်ရေးဆွေးနွေးပွဲများ ပြန်လည်ကျင်းပမည်
စာမျက်နှာ » ၁၂

နိုင်ငံရေးနယ်ပယ်၌ အမျိုးသမီးများပါဝင်မှုတိုးမြှင့်ရေး ကုလအထွေထွေညီလာခံဥက္ကဋ္ဌ တိုက်တွန်း
စာမျက်နှာ » ၁၃

မီးခိုးတိတ်စီးပွားရေးဖြစ်သော ခရီးသွားကဏ္ဍမြှင့်တင်ရန်အတွက် ဘတ်ဂျက်လိုအပ်နေ
စာမျက်နှာ » ၁၉

ဘိုင်ယန်မြူးနစ်၊ မန်စီးတီးနဲ့ ဂျူဗင်တပ်တို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်း သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရ
စာမျက်နှာ » ၂၀



စေတနာဆေး မေတ္တာဆေး သစ္စာဆေး - ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...
ထွန်းရွှေဝါ ဒက်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။